# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# ၈-၉-၂၀၁၁

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၄ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေစုစုပေါင်းရဲ့ ၉၆.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၀ အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့် (ရပ်စောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ)ဦးဒီလုံး သည် နေမကောင်းပါသဖြင့် ယနေ့ ၈-၉-၂၀၁၁ ရက်နေ့ ခွင့်တစ်ရက်ကို ထပ်မံပေးပါရန် လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ ဦးမြင့်စိုးကိုယ်စား ခွင့်တိုင်ကြားလိုပါတယ်။ ပျော်ဘွယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဟာ ကိုယ်တိုင် ဆောင်ရွက်ရမယ့် ရုံးကိစ္စရှိနေပါသဖြင့် ယနေ့ ၈-၉-၂၀၁၁ နေ့ ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ရိုသေ လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်မြင့်(ပေါင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့၊ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းရဲ့ကိုယ်စား ခွင့်ပန်ကြားတင်သွင်းမှာဖြစ်ပါတယ် ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၃၁-၈-၂၀၁၁ နေ့စွဲပါ စာအမှတ်၊၂/ရကပခ-၁/ကမရ(၂) အရ ပြင်ဆင်မှု အမှတ်(၆/၂၀၁၁)ကို အဆုံးအဖြတ်ပေးမည်ဖြစ်ပါ၍ ဦးရှိန်ကျော်ဝင်းအား ၈-၉-၂၀၁၁ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ အရောက် လာရန် အကြောင်းကြားလာခဲ့ပါသည်။ သို့ပါ၍ ဦးရှိန်ကျော်ဝင်းအနေဖြင့် ယနေ့ကျင်းပမည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်နေ့မြောက် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါ၍ ယနေ့ ၈-၉-၂၀၁၁ ရက်နေ့ကို ခွင့်ပြုပေးပါရန် ဦးရှိန်ကျော်ဝင်း၏ ကိုယ်စား လေးစားစွာဖြင့်ခွင့်တောင်းခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်သိန်း (ရွာငံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် မှ ဦးသိန်းညွန့်တို့နှစ်ဦးဟာ နိုင်ငံရေးပါတီကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် သွားရောက်တွေ့ဆုံရန်ရှိပါသဖြင့် ဒီနေ့ ၈-၉-၂၀၁၁ ရက်နေ့ နံနက်ပိုင်းမှ နေ့လည်ပိုင်းအထိ နေ့ဝက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကာယကံရှင်များကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခု မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လက်ရှိလယ်ယာနှင့်ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ မြန်မာနိုင်ငံဟာ သဘာဝအရင်းအမြစ်များနဲ့ သယံဇာတများပေါကြွယ်ဝပြီး ရေမြေအနေအထားကောင်းတဲ့၊ ရာသီဥတုမျှတတဲ့ နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာလည်း တောင်သူလယ်သမားမိသားစုများဖြစ်ကြလို့ စပါးကိုအခြေခံပြီး အခြားသီးနှံမျိုးစုံကိုလည်း နေရာမလပ်စိုက်ပျိုးကြပါတယ်။ ယခုအခါ ပြည်ထောင်စုတစ်ဝန်းမှာ စပါးပိုမိုအထွက်တိုးအောင် သိပ္ပံနည်းကျစပါးစိုက်ပျိုးခြင်းကို အင်တိုက်အားတိုက်တွန်းအားပေးဆောင်ရွက်နေကြသလို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်းအရင်းအနှီးနဲ့ နည်းပညာ ကူညီထောက်ပံ့ပေးခြင်းတို့ကြောင့် လာမယ့်ရာသီမှာ သီးနှံအထွက်နှုန်းများသိသိသာသာတိုးလာမှာဖြစ်ပါတယ်။ မကြာမီရက်ပိုင်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နေပြည်တော်တစ်ဝန်းမှာဆောင်ရွက်နေတဲ့ အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးထားမှုအခြေအနေ၊ လယ်ယာမြေများဖော်ထုတ်မှုနှင့် စပါးမျိုးစေ့ထုတ်လုပ်မှု အခြေအနေတွေကို လွှတ်တော်

ကိုယ်စားလှယ်များ လေ့လာသိရှိခွင့်ရပြီး ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် စိတ်ရှည်လက်ရှည် ရှင်းပြမှုကြောင့် အစိုးရသစ်မှာ စိုက်ပျိုးရေးတစ်ခေတ်ဆန်းသစ်လာပြီလို့ ဆိုနိုင်မှာဖြစ်ပါတယ်။ မကြာခင်မှာလည်း ပြည်သူ့လွှတ်တော်ကရေးဆွဲနေတဲ့ လယ်ယာမြေဥပဒေကြမ်းတစ်ရပ်ကလည်း ပေါ်ပေါက်လာမှာမို့ တောင်သူလယ်သမားများအတွက် အလွန်ပဲအားတက်မိသလို ရွှေခေတ်ကိုရောက်ရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းတိုင်းမှာ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းဖို့ဆိုရင် မျိုးကောင်းမျိုးသန့်ဟာအဓိကကျပါတယ်။ မျိုးစေ့မမှန်တာကိုအသုံးပြုခဲ့ရင် အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းဖို့ မည်သို့မှကုစား ဆောင်ရွက်လို့မရတော့ပါ။ နိုင်ငံတော်မှာ စပါးစိုက်ဧက သန်း ၂၀ ခန့် ရှိရာ တစ်ဧကလျှင်မျိုးစပါး တစ်တင်းခွဲနှုန်းဖြင့်တွက်ပါက မျိုးစပါးတင်းသန်း ၃၀ ခန့် လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ စပါးမျိုးသန့် မျိုးပွားခြံ ၂၇ ခြံရှိကြောင်းသိရှိရပါတယ်။ တစ်နိုင်ငံလုံး မျိုးစပါးလိုအပ်ချက်နဲ့တွက်ကြည့်လျှင် အလွန်နည်းနေကြောင်းတွေ့ရှိရပါတယ်။ အလားတူ ဧရာဝတီတိုင်းဒေသကြီးဟာ နိုင်ငံတော်ရဲ့ စပါးကျီဖြစ်တာနှင့်အညီ စပါးစိုက်ဧက ၃၇ သိန်းခန့်ရှိပါတယ်။ မျိုးစပါးတင်းပေါင်း သိန်း ၅၀ ခန့် လိုအပ်မှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာလည်း လက်ရှိစပါးမျိုးသန့်၊ မျိုးပွားခြံငါးခြံနှင့် သုတေသနခြံတစ်ခြံသာရှိပြီး မျိုးစပါးတင်း ၄၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ကြောင်းသိရှိရပါတယ်။ တောင်သူလယ်သမားများအနေနဲ့ ဌာနမှထုတ်လုပ်တဲ့ အာမခံချက်ရှိသော ဒေသနှင့်သင့်လျော်သော မျိုးသန့်စပါးများကို အလွန်ကြိုက်နှစ်သက်ကြပါတယ်။ ဒါပေမယ့်လို့ မျိုးစပါးလိုအပ်ချက်ပြည့်စုံလုံလောက်မှုတို့မရှိသေးပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ စပါးနှင့်အခြားသီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြသလို ဟင်းသီးဟင်းရွက်များကိုလည်း တစ်နိုင်ငံလုံးဒေသအနှံ့ စိုက်ပျိုးလျက်ရှိကြပါတယ်။ ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်း ပြည်ပမှလာတဲ့မျိုးစေ့ထုံးများ၊ မျိုးစေ့ဗူးများကို ဈေးကြီးပေး ဝယ်နေရခြင်း၊ အာမခံချက်မရှိခြင်းတို့ကြောင့် သီးနှံများအပျက်အစီးများနှင့်ကြုံတွေ့ရပြီး စိုက်ပျိုးသူတောင်သူများ ဒုက္ခရောက်ကြရပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ မေးခွန်းနှစ်ခု မေးမြန်းလိုပါတယ်။ မေးခွန်းကတော့ တောင်သူလယ်သမားများလက်ဝယ်သို့ စိုက်ပျိုးရေးခြံများမှ ထုတ်လုပ်တဲ့ မျိုးကောင်းမျိုးသန့်စပါးမျိုးများ၊ အလုံအလောက်ဖြန့်ဖြူးရေးနဲ့ အရည်အသွေးကောင်းမွန်တဲ့ ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဖြူးနိုင်မှုအစီအစဉ်များရှိ၊ မရှိနဲ့ ရှိပါက မည်ကဲ့သို့ ဆောင်ရွက်မည်ကို

သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘဌေး(လေးမျက်နှာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး ဖြစ်ပါတယ်။ ဝေန်ရေကာတာဟာ လေးမျက်နှာမြို့နယ်အတွင်းမိုင်တိုင်၁၉/၀ မှ ၃၉/၀ အထိ ၁၉မိုင်၇ဖာလုံ ဖြတ်သန်းကာရံ ထားပါတယ်။ ၎င်းတာကို မှီခိုနေရသော ရပ်ကွက်နဲ့ကျေးရွာအုပ်စု ၂၆ အုပ်စုရှိပြီး အိမ်ခြေ ၁၀၃၈၇၊ အိမ်ထောင်စု ၁၀၅၉၈ စုနဲ့ လူဦးရေ ၄၆၀၆၉ ယောက် နေထိုင်ကြပါတယ်။ ၎င်းတို့ လုပ်ကိုင်စားသောက်သောလယ်မြေနဲ့ အိုးအိမ်ခြံမြေဧကမှာ ၄၁၄၆၂ ဧက ရှိပါတယ်။ ဒီနှစ် ဝေန်မြစ်ရေကြီးမှုအရ မိုင်တိုင် ၂၀/၀မှ ၂၁ အထိ ၅ပေခန့်နိမ့်ကျသွားပါတယ်။ မိုင်တိုင် ၂၂ မှ ၂၃ အထိ ၂ ပေခန့်နိမ့်ကျသွားပါတယ်။ နောင်နှစ် မြေထပ်မတင်ရင် ရေကျော်မယ့်အခြေအနေတွင်ရှိနေပါတယ်။ မိုင်တိုင် ၃၈ နဲ့ ၃၉ ကြားဟာ ၂၀၁၀ ခုနှစ်က စက်ဖြင့်ဖို့ထားတဲ့တာဖြစ်ပါတယ်။ ရေကြည်မြို့နယ်နဲ့ ဆက်စပ်နေပါတယ်။ ၎င်းတာအမြင့်ဟာ ဒီနှစ် ဝေန်မြစ်ရေကြီးမှုနဲ့တန်းတူဖြစ်နေတဲ့အတွက် သဲအိတ်များ ၄ ပေထပ် မြှင့်တင်ထားရပါတယ်။ နှစ်စဉ် ဝေန်မြစ်ရေကြီးပြီဆိုရင် တာအတွင်းနေ ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ပွားနေရပါတယ်။ ဝေန်မြစ်ရိုးတစ်လျှောက် ရေကင်း ၄၀ ချထားရပြီး တစ်ကင်းမှာ အရပ်သား ၄ ဦးနဲ့ တပ်မတော်သား ၂ ဦးစီ ချထားရပါတယ်။ သို့ပါ၍ ဝေန်ရေကာတာ ခိုင်မာတောင့်တင်းသည်ကို မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိချင်သဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် မေးဖို့ ဖြစ်ပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြီးပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာ ဆုတောင်းမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဟန်စိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်သူများဆန္ဒအရ သီးနှံစိုက်ပျိုးခွင့်ပြုရေးအတွက် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းခွင့်ပြုပါ

ခင်ဗျား။ နိုင်ငံတော်အနေဖြင့် နှစ်စဉ်စီမံကိန်းများချမှတ်ပြီး တောင်သူလယ်သမားများဟာ ဆန်စပါးကို အဓိကထား၍ အခြားသီးနှံအမျိုးမျိုးကိုလည်း ထွက်ရှိရမည့်ပမာဏ ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်၍ စိုက်ပျိုးနေလျက်ရှိပါသည်။ ထိုသို့သတ်မှတ်စိုက်ပျိုးရာတွင် ဆည်ရေသောက် လယ်ယာမြေများ၌ နှစ်သီးစိုက်ပျိုးစေရာ ဆန်စပါးကိုအဓိကစိုက်ပျိုးစေပြီး ဒုတိယစိုက်ပျိုးရမည့်သီးနှံ ကိုလည်း သက်ဆိုင်ရာဌာနမှသတ်မှတ်ပေးသော သီးနှံကိုသာစိုက်ပျိုးရကြောင်းသိရှိရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် သက်ဆိုင်ရာဌာနမှ သတ်မှတ်ပေးသောသီးနှံကို မစိုက်ပျိုးလိုဘဲ လယ်မြေဒေသအခြေအနေအရ ဖြစ်ထွန်းအောင်မြင်၍ စီးပွားရေးအရတွက်ခြေကိုက်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်မည့်သီးနှံမျိုးကိုသာ စိုက်ပျိုးလိုကြောင်းသိရှိရသဖြင့် ဒုတိယသီးနှံအားတောင် သူများဆန္ဒအရ စိုက်ပျိုးလိုသောသီးနှံကို စိုက်ပျိုးခွင့်ပြုပေးပါရန် အစီအစဉ် ရှိ၊ မရှိ ပြန်လည်ဖြေကြား ပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြ ပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တွင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ် လေးမြို့နယ်ပါဝင်ပြီး စုစုပေါင်းလူဦးရေ ၁၂ သိန်းခန့် နေထိုင်လျက်ရှိပါတယ်။ လူဦးရေရဲ့ ၇၈.၃၇ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းများကိုလုပ်ကိုင် လျက်ရှိပြီးအထူးသဖြင့် လယ်ယာစိုက်ပျိုးရေးအားဒေသ၏ အဓိကစီးပွားရေးအသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ်လုပ်ကိုင်လျက်ရှိရာ လယ်ဧက ၈ သိန်းကျော်တွင် နှစ်စဉ် မိုးစပါး၊ နွေစပါး စုစုပေါင်း ဧက ၁၂ သိန်းကျော်စိုက်ပျိုးလျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး၏စိုက်ဧကနီးပါး ရှိကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးသီးနှံအလိုက် အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် များကို ဒေသအခြေအနေနှင့်ကိုက်ညီသည့် အသိပညာ၊ အတတ်ပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ နားလည်တတ်မြောက်စေရန်အတွက် ဖျာပုံခရိုင်အတွင်း အချက်အခြာဗဟိုကျသော ဖျာပုံမြို့တွင် စိုက်ပျိုးရေးနှင့်ပတ်သက်သော သင်တန်းကျောင်းဖြစ်နိုင်လျှင် စိုက်ပျိုးရေးသိပ္ပံအား ဖွင့်လှစ်ပေးနိုင် မည်ဆိုလျှင် ဖျာပုံခရိုင်နှင့်ပတ်ဝန်းကျင်ဒေသများတွင် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

ဖြစ်ပါသဖြင့် ဖွင့်လှစ်ပေးနိုင်မည့်အစီအစဉ်အား သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာပထမ မေတ္တာပို့သဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိုးသူရ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပျော်မြို့နယ်၊ ခနော်ကျေးရွာအုပ်စုအတွင်းရှိ ကော့ကလန်ရေကာတာဟာ ကော့ကလန်ရေနက်ကွင်းကြီးဟာ ကျုံပျော်မြို့နယ်နဲ့ ပန်းတနော်မြို့နယ်ကြားမှ ကျုံပျော်မြို့နယ်မှ လယ်သမားများရဲ့ စုပေါင်းလုပ်အားနဲ့ ၁၉၉၄ ခုနှစ်၊ နွေရာသီမှာတည်ဆောက်ခဲ့ကြတာဖြစ်ပါတယ်။ ၎င်းရေကာတာဟာ နတ်ချောင်းပေါက်မှ ပန်းတနော်မြို့နယ်၊ ဘုရားကန်ကျေးရွာအထိအရှည် လေးမိုင် ခန့်နှင့် ထုအကျယ်ပေ ၄၀ ခန့် အမြင့် ရှစ်ပေခန့်ရှိတဲ့ ရေကာတာဖြစ်ပါတယ်။ တည်ဆောက်ခဲ့ကြခြင်း ရဲ့ရည်ရွယ်ချက်ကတော့ ကျုံပျော်မြို့နယ်နဲ့ ပန်းတနော်မြို့နယ် နွေစပါးနဲ့ သီးထပ်စပါးများ အောင်မြင် ရရှိရန်ဖြစ်ပါတယ်။ ရေကာတာတည်ဆောက်ပြီးတဲ့နောက် ပန်းတနော်ဆည်မြောင်းဌာနမှ ရေထိန်း တံခါးကြီးတစ်ခုတည်ဆောက်ပေးခဲ့လို့ ၎င်းရေကိုထိန်းကျောင်းပြီး မိုင်းစက္ကူ၊ ကျုံခနီး၊ အိတ်ကတွတ်၊ ဘောဆို့၊ ခနော်၊ ဆင်ကျောင်း၊ ဒနိမ်း၊ ဆင်မြူးကုန်း၊ သစ်ဖြူကွင်း၊ ကွင်းယားကွင်းခြောက်၊ အိုင်ကြီး၊ ကျွဲသလင်းစတဲ့ ကျေးရွာအုပ်စုများမှ နွေစပါး၊ သီးထပ် စပါးများအောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ နွေရာသီကလည်း အဆိုပါ ကျေးရွာအုပ်စု ၁၃ စုမှ နွေစပါးဧကပေါင်း ၆၈၃၁ ဧက ဖြစ်ထွန်းအောင်မြင်ခဲ့ပါတယ်။ ရေတံခါး (၁)နဲ့ရေတံခါး(၂)ကိုအသုံးပြုပြီး ပန်းတနော်မြို့နယ် ဖက်မှ ကျေးရွာအုပ်စုများမှလည်း နွေစပါးနဲ့ သီးထပ်စပါးများအတွက် အောင်ရေရရှိခဲ့ကြလို့ အဆင် ပြေကြရပါတယ်။ ၎င်းအပြင် မိုင်းစက္ကူ ကျုံခနီး၊ ဘောဆို့၊ ခနော်၊ ဆင်ခေါင်းစတဲ့ကျေးရွာသားများဟာ ၎င်းရေကာတာကိုဖြတ်သန်းပြီး ပန်းတနော်ပိုင် အင်းမကျေးရွာမှတစ်ဆင့် ပုသိမ်၊ ရန်ကုန်မြို့များသို့ အချိန်တိုတောင်းစွာသွားလာနိုင်ခဲ့ကြလို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြု လျက်ရှိပါတယ်။ သို့သော် ရေကာတာတည်ဆောက်ပြီးတဲ့နောက်နှစ်ပိုင်း သုံးနှစ်၊ လေးနှစ်လျှင် တစ်ကြိမ်ခန့် ကျုံပျော်မြို့နယ်အတွင်းမှာရှိတဲ့ မိုးစပါးစိုက်ကွင်းများ ရေနစ်မြုပ်မှုဖြစ်စဉ်များနဲ့ ကြုံတွေ့ ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ်တွင်လည်း မိုးများအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဇူလိုင်လ ၂၆ ရက်နေ့အထိ ကျုံပျော်မြို့ နယ်၊ ရေစခန်းတိုက်နယ် မိုးစပါးစိုက်ဧကပေါင်း၂၉၃၈၀ ရှိတဲ့အနက်

လယ်ဧကပေါင်း ၁၀၀၀၀ ကျော် ရေနစ်မြုပ်ခံခဲ့ရပါတယ်။ ကော့ကလန်ရေကာတာအတွင်းကို အမြင့်ပိုင်းဒေသများဖြစ်တဲ့ ဟသ်ာမြို့နယ်၊ ဇလွန်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ကျုံပျော်မြို့နယ်များမှ ဒေသရေများကို စီးဝင်ခံရပြီး ရေထွက်ပေါက်မှာ ကျုံပျော်မြို့နယ် ဘုရားကန်တစ်ခုတည်းသာရှိတာကို တွေ့ရှိရပါတယ်။ သို့အတွက်ကြောင့် ရေဝင်အားနဲ့ရေထွက်အားမမျှတကြောင်း လေ့လာတွေ့ရှိရပါတယ်။ လာမည့်နှစ်များတွင်လည်း စိုက်ဧကများနစ်မြုပ်မှုဖြစ်လာမည်ကို လယ်သမားများစိုးရိမ်နေကြပါတယ်။ ကျုံပျော်မြို့နယ်မှ လယ်သမားများ အနေဖြင့် မိုးစပါးစိုက်ကွင်းများပျက်စီးမှုမရှိလောက်သော ရေပမာဏအားသင့်တော်တဲ့ ရေပိုလွှဲတပ်ဆင်ပြီး ထိန်းကျောင်းလွှတ်ပေးခြင်းအားဖြင့် ကျုံပျော်မြို့နယ်ရဲ့ မိုးစပါးစိုက်ခင်းများနစ်မြုပ်မှုမှ ကာကွယ်နိုင်လိမ့်မယ်လို့မျှော်လင့်နေကြပါတယ်။ ကျွန်တော်မေးမြန်းလို့တဲ့အချက်ကတော့ (၁)ကော့ကလန်ရေကာတာတွင် ရေပိုလွှဲတစ်ခုတပ်ဆင်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိနှင့် (၂) မိုးစပါးစိုက်ကွင်းများ လာမည့်နှစ်များတွင် ရေနစ်မြုပ်မှုမရှိရလေအောင် အခြားသောနည်းလမ်းများဖြင့် မည်သို့ဆောင်ရွက်ရန် အစီအစဉ်များရှိပါသလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ ပြည့်စုံကြပါစေရန် ပဏာမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်မှ ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းထားတဲ့ မေးခွန်းငါးခုကို အဆင့်လိုက်အသီးသီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း မေးမြန်းထားတဲ့ မျိုးကောင်းမျိုးသန့်စပါးနှင့် ဟင်းသီးဟင်းရွက်များအား လယ်သမားနှင့် တောင်သူများထံ ဖြန့်ဝေပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ယခုကဲ့သို့ တောင်သူလယ်သမားများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် အမြော်အမြင်ကြီးမား စွာဖြင့် အနှစ်သာရရှိရှိ မေးမြန်းထားသော လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းထွန်း၏ မေးခွန်းအား ဖြေကြားခွင့်ရရှိသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြအပ်ပါတယ်။ မိမိတို့ နိုင်ငံတော်အစိုးရသစ်ဖွဲ့စည်းပြီး သုံးလတာကာလအတွင်းမှာပဲ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဦးဆောင်ပြီးတော့ ၂၀-၆-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီရဲ့ ၁/၂၀၁၁ ပထမအကြိမ် အစည်းအဝေးမှာ နိုင်ငံနှင့်

အဝန်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏လူဦးရေ ၇၀ ရာခိုင်နှုန်း အဓိကမှီတင်းလုပ်ကိုင်ရပ်တည်လျက်ရှိသည့် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဦးစားပေးအဓိကလုပ်ငန်းအဖြစ်ချမှတ်ပေးခဲ့ ပါတယ်။ မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်းပဲ နိုင်ငံတော်အား ကိုယ်စားပြုပြီး၊ လယ်ယာကုန်ထုတ်လုပ်မှုကော်မတီရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အပေါ်မှာ လက်ငင်းလုပ်ငန်းများ၊ ရေတိုရေရှည်လုပ်ငန်းများ ရေးဆွဲပြီးတစိုက်မတ်မတ်ဖြင့်ကြိုးစား အကောင်အထည်ဖော်လျက်ရှိပါတယ်။ ထိုလုပ်ငန်းများရဲ့ အဓိကသော့ချက်အကျဆုံးမှာ တောင်သူများ စီးပွားရေးအရတွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းသည့်မျိုးကောင်း၊ မျိုးသန့် ဖြန့်ဖြူးပေးနိုင်ရေး လုပ်ငန်း Seed Production တာဝန်ဟာထိပ်ဆုံးမှာထားရှိပြီးတော့မှ ကြိုးစားဆောင်ရွက်ပေး လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ထိုနည်းတူစွာပဲ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေး အတွက် အခြေခံလိုအပ်ချက်ကြီးငါးချက်ကို နိုင်ငံနှင့်အဝန်းတင်ပြခဲ့ရာမှာလည်းပဲ အထွက်ကောင်း မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲအသုံးပြုရေးဆိုတဲ့လုပ်ငန်းစဉ်ကို ထိပ်ဆုံးမှာထားရှိပြီးတော့မှ အဓိကဆောင်ရွက်ပေးရန် လိုအပ်တဲ့လုပ်ငန်းဖြစ်ကြောင်း လက်တွေ့ကြိုးစား ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ မူလအသုံးပြုသည့် မျိုးကောင်း၊ မျိုးစေ့၊ မျိုးပင်အရည် အသွေးကောင်းမွန်မှုသာလျှင်သီးနှံ အရည်အသွေးနှင့်အထွက်နှုန်းမှာလည်း တိုးတက်ကောင်းမွန် နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် မျိုးစေ့မမှန်ပင်မသန်ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍအတွက် မျိုးကောင်း၊ မျိုးသန့်ရဲ့အရေးပါမှုဟာ အဓိကကျကြောင်း အထင်အရှားပင်ဖြစ်ပါတယ်။ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပိုင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်သာမက ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့များ အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာလည်းပဲ တောင်သူများအတွက်တွက်ခြေကိုက်ပြီး ဈေးကွက်ရှိသော အရည်အသွေးကောင်းသည့် ဒေသရေမြေနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်များကို တောင်သူလယ်သမားများ လက်လှမ်းတမှီအသုံးပြုနိုင်ရန် စီမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန်လည်းပဲ မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ အပတ်စဉ်ထုတ်ဝေနေသည့် လယ်ယာစီးပွားသတင်းဂျာနယ်များတွင်လည်းကောင်း၊ တောင်သူများအားအကျိုးပြုနေသည့် မဂ္ဂဇင်းစာစောင်များတွင်လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာ များတွင်လည်းကောင်း ပညာပေးဖော်ပြ စည်းရုံးတိုက်တွန်းမှုကို မပြတ်ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံနှင့်အဝန်းဒေသအသီးသီး၏ လိုအပ်ချက်ကိုတစ်ချိန်တည်း၊ တစ်ပြိုင်တည်း တစ်နိုင်ငံလုံးသို့ ပြန့်နှံ့ရောက်ရှိအောင် နိုင်ငံတော်အစိုးရအပိုင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုတည်းအနေဖြင့် မည်သို့မျှဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပကတိအခြေအနေပေါ်မှာ ပကတိအတိုင်း

လက်တွေ့ကျကျ လက်တွေ့လုပ်နိုင်မည့်နည်းလမ်းများရွေးချယ်ပြီး ထိုကဲ့သို့မျိုးစေ့ထုတ်ခြင်းလုပ်ငန်း၊ မျိုးစေ့ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံနှင့်အဝန်းအားပေး၊ နှိုးဆော်၊ တပ်လှန့်၊ တိုက်တွန်းဆောင်ရွက်ပေးကြပါရန်လည်းပဲ မပြတ်တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့နိုင်ငံတွင် နေ့စဉ်စားသုံးနေတဲ့ဆန်စပါး၊ ထမင်းကို အဓိကစားသုံးသောနိုင်ငံဖြစ်သည့်အားလျော်စွာ ဆန်စပါးသီးနှံ၏ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေး၍ ဒေသအသီးသီးနှင့်ကိုက်ညီနိုင်သည့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် သုတေသနပြုရှာဖွေခြင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များအား စမ်းသပ်စိုက်ပျိုးထုတ်လုပ်ပေးခြင်း၊ တောင်သူများအနေဖြင့်တွက်ခြေကိုက်ပြီး မျိုးကောင်းမျိုးသန့်များ လက်ခံစိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးသုတေသနခြံများမှာ မျိုးသန့်ဇုန်များ၊ မျိုးသန့်ခြံများထူထောင်ပေးပြီးဖြန့်ဖြူးပေးခြင်းနည်းလမ်းများဖြင့် ရှေ့ပြေးတစ်ပိုင်တစ်နိုင်အဆင့်သာလျင် လက်ရှိလုပ်ဆောင်ပေးနိုင်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မိုးစပါး၊ နွေစပါး ဧက သန်း ၂၀ အတွက်အမှန်လိုအပ်သော မျိုးကောင်း၊ မျိုးသန့်များကို ၁၀ ရာခိုင်နှုန်းမျှပင်လျှင် လက်ရှိအခြေအနေမှာထိထိရောက်ရောက် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်းကိုလည်းပဲ ရိုးစင်းစွာတင်ပြအပ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လက်တွေ့အကျိုးကိုရှေ့ရှု၍ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် ဒေသအလိုက်ပူးပေါင်းပါဝင် ပခုံးထမ်းဆောင်ရွက် ပေးကြပါရန်နှင့်ဒေသအလိုက် ငွေကြေးအရင်းအနှီးတတ်နိုင်သည့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများနှင့် အထူးပြုပုဂ္ဂိုလ်များအနေဖြင့်လည်းပဲ မျိုးစေ့ထုတ်လုပ်ငန်း Seed Production လုပ်ငန်းများကို အပြိုင်အဆိုင်စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆောင်ရွက်လာကြရေးအတွက် အထူးလိုအပ်နေတဲ့ကာလဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးအဖြစ်ပြန်လည်အသုံးပြုနိုင်တဲ့တစ်ဧကတင်း ၁၂၀ အထက်လက်တွေ့ထွက်ရှိနေတဲ့ Open Pollinated Variety (OP) မျိုး ဖြစ်သည့်အထွက်ကောင်းမျိုး High Yield Variety များကိုစနစ်တကျ စိုက်ပျိုးပြသထားပြီး စိုက်ခင်းကြီးများအားကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကျေးရွာ တောင်သူပညာပေးစံပြ ဧက ၅၀၀ စိုက်ကွင်းအတွင်းမှာ လက်တွေ့မြင်တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ တောင်သူများနှင့် စိုက်ပျိုးလိုတဲ့ ကုမ္ပဏီများကို မျိုးဖြန့်ဖြူးပေးနိုင်ရန်အတွက် အသင့်ဆောင်ရွက်လျက်ရှိနေပါတယ်။ တစ်ဧကတင်း ၂၀၀ ပတ်ဝန်းကျင်ထွက်ရှိနိုင်မယ့် အထူးအထွက်တိုးမျိုး Hybrid Seed စံပြစိုက်ခင်းကြီးများကိုလည်းပဲ နေပြည်တော်ခရိုင်အတွင်း မြို့နယ်တိုင်းမှာစံနမူနာပြပညာပေး စိုက်ပျိုးပြသဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ တချိန်တည်းမှာပင် နိုင်ငံတကာနှင့် ဆန်၊ စပါးဖွံ့ဖြိုးတိုးတက်မှု ရင်ဘောင်တန်းနိုင်ရန် မိမိတို့ဆန်စပါးကဏ္ဍ ခေတ်နောက်ကျမကျန်စေရန်အတွက် တစ်ဧက တင်း ၂၀၀ အထက်ထွက်ရှိနိုင်တဲ့အထူးအထွက်တိုးမျိုး Hybrid Variety မျိုးသုံးမျိုးကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်

ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်သုတေသနခြံတို့မှာ နှစ်နေရာခွဲပြီးတော့မှဆန်စပါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် စုစုပေါင်းဧက ၂၃၀ မျိုးစေ့ထုတ်လုပ်ငန်းသုတေသနပြု ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိလာမယ့် စပ်မျိုး(F1)မျိုးစေ့များကို ကိုယ်တိုင်စိတ်ဝင်စားကြပြီး ကိုယ်တိုင်ယုံကြည်မှုရှိကြသူ တောင်သူများနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများကို လက်ဝယ်သို့ နွေစပါးရာသီအချိန်မီ သက်သာသောအထူးဈေးနှုန်းနှင့်ဖြန့်ဖြူး၍ ရှေ့ပြေးစံနမူနာပြစိုက်ပျိုး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့နိုင်ငံမှာ မိမိတို့နိုင်ငံရဲ့နောက်မှာ ယခင်ကတစိုက်လိုက်နေရတဲ့ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အပါအဝင် ကမ္ဘာပေါ်မှာ လူဦးရေသန်းပေါင်း ၁၀၀၀ ကျော် လူဦးရေအများဆုံးဖြစ်ကြတဲ့ အိမ်နီးနားချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနိုင်ငံများပင်လျှင် နိုင်ငံအသီးသီးရဲ့ စားနပ်ရိက္ခာဖူလုံမှု Food Security နဲ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအထွက်တိုး Hybrid Variety မျိုးစေ့များကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလကပင် စီးပွားဖြစ်ထုတ်လုပ်စိုက်ပျိုးခဲ့ကြပြီး ကမ္ဘာ့ဆန်စပါးဈေးကွက်မှာ ရှေ့ဆောင်နေရာယူကြရန် ယှဉ်ပြိုင်ကြိုးပမ်းနေကြကြောင်းကိုလည်း ကိုယ်စားလှယ်တော်ကြီးများ အထင်အရှားသိရှိကြပါတယ်။ မိမိတို့ခေတ်မှာ နောင်ရေရှည် တိုးပွားလာမယ့် သားသမီးမြေးများလက်ထက်ဝမ်းစာဖူလုံရေး Food Security နဲ့ ဆန်စပါးကဏ္ဍ ခေတ်နောက်ကျမကျန်စေရန် စပ်မျိုး၊ စပါးမျိုးပြောင်းလဲသုံးစွဲစိုက်ပျိုးရန် နိုင်ငံတော်ရဲ့ လိုအပ်ချက်အပေါ်မှာလည်းပဲ တောင်သူများအတွက် စီးပွားရေးအရ တွက်ချေကိုက်နိုင်သည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ၏ အရေးပါမှုကိုမမေ့မလျော့ သတိရှိရှိဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးပညာရှင်များမှ အပတ်တကုတ်ကြိုးကြိုးစားစား ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တန်ဖိုးရှိသောမေးခွန်းအား လေးစားစွာ ဖြေကြားအပ်ပါတယ်။

အလားတူဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်းပဲ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ဦးစားပေးသီးနှံအလိုက် ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း ဖြေကြားလိုပါတယ်။

စားသုံးဆီဖူလုံရေးအတွက် တစ်ဧကတင်း ၅၀ ကျော်၊ တစ်ဧကလျှင် စားသုံးဆီပိဿာ ၂၂၀ ကျော်ထွက်ရှိနိုင်တဲ့ စပ်မျိုးနေကြာမျိုးစေ့များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးစိုက်ပျိုးပေးလျက်ရှိနေပြီ ဖြစ်ပါတယ်။ တစ်ဧကတင်း ၂၀ ကျော်ထွက်ရှိပြီး တစ်ချိန်တည်းဖြင့် လုပ်အားသက်သာစွာဖြင့် ခူးဆွတ်နိုင်သည့်ပဲတီစိမ်းမျိုးကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါတယ်။ ဝတ်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဝါသီးနှံအတွက်လည်းပဲ ငွေချည်-၆ ဝါမျိုးအား ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်သုတေသနခြံမှာထုတ်လုပ်ပြီး တောင်သူများနှင့် အကျိုးတူပူးပေါင်း၍

မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိနေပြီဖြစ်ပါတယ်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ တစ်ဧကတန် ၆၀ ကျော် ထွက်နိုင်တဲ့ ကြံသီးနှံ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရေးလုပ်ငန်းနဲ့ အထွက်ကောင်းတဲ့ရော်ဘာမျိုးများကိုလည်း မိမိတို့လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ပြည်သူလူထုရဲ့ နေ့စဉ်စားသုံးရန် လိုအပ်ချက်ဖြစ်နေတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအမျိုးမျိုးကိုလည်းပဲ ထိထိရောက်ရောက် စိတ်ချယုံကြည်ရမယ့် မျိုးစေ့များဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်းပဲ စီမံချက်ချဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ တောင်သူလယ်သမားများ လိုအပ်သလောက်ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပါတယ်။ နိုင်ငံတော်ရဲ့လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ၏အကျိုးစီးပွားအလျင်အမြန် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် Seed Jump နည်းလမ်း အပါအဝင်ထိရောက်သော ဓာတ်မြေဩဇာအသုံးပြုနိုင်မှု Fertilizer Jump နည်းလမ်းနည်းပညာဖွံ့ဖြိုး တိုးတက်စေမှု Technology Jump နည်းလမ်းများဖြင့် အရှိန်ဟုန်မြှင့်တင်ဆောင်ရွက်ကြရမည့် ကာလအမှန်ရောက်ရှိနေပြီဖြစ်ပါတယ်။ လယ်ယာကဏ္ဍအား တစ်ခေတ်ဆန်းဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံဒေါင့်စုံမှ နိုင်ငံတော်အစိုးရအပိုင်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအခန်းကဏ္ဍ၊ ပညာရှင်များအခန်းကဏ္ဍ ညီညွတ်စွာဖြင့် တောင်သူလယ်သမားများ၏အရေးကို အာရုံစူးစိုက်ပြီး၊ လက်တွေ့ကျကျပူးပေါင်းအကောင်အထည်ဖော်ပေးနိုင်ခြင်းအားဖြင့် လက်တွေ့ကျသော တိုးတက်မှုရလဒ်ကောင်းများမလွဲဧကန်ရရှိလာနိုင်မည်ဖြစ်ပါကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ၏ အခြေခံလိုအပ်ချက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေး Seed Production တာဝန်ကိုနိုင်ငံတော်အစိုးရ၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ လုပ်ငန်းရှင်များအပြိုင်အဆိုင် ထိထိရောက်ရောက် ထူထောင်လုပ်ဆောင်ပေးကြရန် အမှန်လိုအပ်လျက်ရှိနေပါကြောင်း ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၏ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငဝန်တာအား ပိုမိုကြံ့ခိုင်အောင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားပါမယ်။ ပထမဦးစွာ ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငဝန်တာအားပိုမိုကြံ့ခိုင်အောင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်နှင့် ပတ်သက်၍ မေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး

အား ဖြေကြားခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်နဲ့ ရေကြည်မြို့နယ်အစပ်မှာရှိတဲ့ ကုန်းကြီးဝဝန်တာနေရာဟာ တာမိုင် ၃၆/၆ နှင့် ၃၇/၁ အတွင်းရှိ ကညင်တောင်ပန်းတာနေရာဖြစ်ပါတယ်။ ပန်းတာ၏အလျားမှာ ၁၉၅၀ ပေရှိပြီး ၎င်း၏အရှည် ၄၀၀ ပေခန့်အကွာမှာ မူလကမ်းရင်းတာရှိပါတယ်။ ၂၈-၆-၂၀၁၁ ရက်နေ့ ဝဝန်မြစ်ရေ တိုက်စားကမ်းပါးပြိုမှုကြောင့် မူလကမ်းရင်းတာ ၅၀ ပေခန့်မှာ ကမ်းပြိုရာမှာပါဝင်သွားခဲ့မှုရှိပါတယ်။ ထို့အတွက်ကြောင့် ကမ်းရင်းတာ၊ ပန်းတာကြားမှာ ရေများအထိုက်အလျောက် ဝင်ရောက်ခဲ့မှုရှိပါတယ်။ ပန်းတာရဲ့အချို့နေရာများမှာ တာနိမ့်ကျမှုများရှိနေသဖြင့် လိုအပ်သောနေရာများမှာ သဲအိတ်များဆင့်၍ ကာကွယ်ထားမှုဆောင်ရွက်ပြီးဖြစ်ပါတယ်။ လာမည့်ပွင့်လင်းရာသီကာလမှာ ကညင်တောင်ပန်းတာကို မြေသားဖြင့်ပုံစံတကျအခိုင်အမာ ပြန်လည်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ဧရာဝတီတိုင်းတစ်တိုင်းအတွင်းမှာပင်လျှင် တာမိုင် စုစုပေါင်း ၁၃၄၁.၅၆ မိုင် တာအမြင့် ၅ ပေမြှင့်တင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျပ် သန်းပေါင်း ၂၇၆၀ သန်း သုံးစွဲကုန်ကျရမှာဖြစ်တဲ့အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေ ဦးစားပေးခွင့်ပြုပေးနိုင်မှု အခြေအနေပေါ်မူတည်၍သာလျှင် တာအားပိုမိုခိုင်ခန့်တည်တံ့ခိုင်မြဲအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေရှိပါတယ်။ ယခုလက်ရှိအနေအထားအရ ဝဝန်တာမှာ ရေကြီး အမှတ်ထက် ၆ ပေခန့် မြေသားပိုမိုရှိနေပါကြောင်းတင်ပြလိုပါတယ်။ တာကြံ့ခိုင်ခြင်းလုပ်ငန်းများကိုနှစ်စဉ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လိုအပ်တဲ့နေရာများမှာလည်းပဲ ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းများ၊ ရေတိုက်စားမှုကာကွယ်သည့်စနစ်များ၊ တာခြေ၊ တာမျက်နှာပြင် ခိုင်ခံ့မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားပါမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ရဲ့ ဆည်ရေသောက်လယ်ယာမြေများ၌ နှစ်သီးစိုက်ပျိုးစေရာတွင် ဒုတိယသီးနှံကို တောင်သူများဆန္ဒအရ စိုက်ပျိုးလိုသောသီးနှံကို စိုက်ပျိုးခွင့်ပြုရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်ရာမှာ ရေရှည်မိမိတို့ လယ်ယာကဏ္ဍနှင့် တိုက်ရိုက်ဆက်စပ်နေသည့် နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် မူဝါဒများချမှတ်ရေးဆွဲရာမှာ ထည့်သွင်းသုံးသပ်ရမည့် အရေးပါသောအချက်ဖြစ်သည့်အတွက် ဖြေကြားခွင့်ရရှိခြင်းအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါတယ်။ စပါးစိုက်ပျိုးထုတ်လုပ်ကြတဲ့ လယ်သမားများ ပင်ပင်ပန်းပန်း

ရင်းနှီးရသလောက် အကျိုးအမြတ်မရှိသည့် တွက်ခြေမကိုက်သည့်အတွက် စပါးစိုက်ပျိုးရန် ကြောင့်ကြစိုးရိမ်စိတ်များ ဖြစ်နေရခြင်းကြောင့် စပါးအစား အခြားဝင်ငွေရ သီးနှံစိုက်ပျိုးလိုနေကြသည့် ဆန္ဒအား မေးမြန်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စပါးစိုက်ပျိုးနေကြသည့် လယ်သမားများ ၏ဘဝကို ဖွံ့ဖြိုးတိုးတက်အောင်၊ အကျိုးရှိအောင် ဦးစားပေးရန် အဓိကလိုအပ်ချက်ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။လယ်သမားများအတွက် ဆန်စပါးစိုက်ပျိုးရခြင်းကြောင့် ဆင်းရဲမှုဖြစ်ရခြင်း (Paddy For Poverty) မဖြစ်စေရန်အတွက် တွက်ခြေမကိုက်ရသည့် အကြောင်းရင်းများကို ဖော်ထုတ်ပြီး(Paddy for Profitability) စပါးသီးနှံမှစီးပွားရေး အကျိုးအမြတ်ရရှိအောင် ပြုပြင်ဆောင်ရွက်ပေးရန်၊ တည့်မတ်ဆောင်ရွက်ပေးရန်အဓိက လိုအပ်ချက်ဖြစ်ပါတယ်။ အခြားသောအိမ်နီးနားချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများမှာ ဆန်စပါးထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် မြင့်တင်နေပြီး ကမ္ဘာ့ဆန်စပါးဈေးကွက်မှာ အသီးသီးယှဉ်ပြိုင်နေကြချိန်မှာ မိမိတို့လယ်သမားများ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ အကျိုးအမြတ်တွက်ခြေမကိုက်သည့်အတွက် ဤမေးခွန်းအား မေးမြန်းခြင်းဖြစ်ကြောင်း ဆက်စပ်သုံးသပ်တွေ့ရှိရပါတယ်။ စပါးသီးနှံမှ ရေရှည်အကျိုးရရှိရန်နှင့် အလားအလာကောင်းအောင်(Paddy for Prosperity)ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို တောင်သူများဆန္ဒပြင်းပြလာရေး လုပ်ဆောင်ပေးကြရမည်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံဟာ ဆန်စပါးအား လူမျိုးမရွေး၊ ဘာသာမရွေးတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေ သန်း၆၀ ကျော် နေ့စဉ်စားသုံးနေတဲ့ မရှိမဖြစ်လိုအပ်တဲ့ အဓိကသီးနှံလည်းဖြစ်ပါတယ်။ ဆန်စပါးသည် အမျိုးသားသီးနှံ National Crop ဖြစ်တာနဲ့အတူ နိုင်ငံအတွင်း ဆန်မလုံလောက်ပါက စားရေရိက္ခာမလုံလောက်သည့်ပြဿနာ Food Crisis ဖြစ်နိုင်မယ်ဆိုလို့ရှိရင် နိုင်ငံသားအားလုံးနှင့်ဆက်နွယ်သည့် အန္တရာယ်ကျရောက်နိုင်သည့် အပေါ် စားနပ်ရိက္ခာဖူလုံမှုရှုထောင့် (Food Security)၏ အရေးပါမှု၊ အဓိကကျမှုကို ထည့်သွင်းသုံးသပ်ရန်လိုအပ်မည်ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဧရာဝတီတိုင်း၊ နာဂစ်မုန်တိုင်းနှင့်၂၀၁၀ခုနှစ်၊ ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ ဂီရိမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်အပါအဝင် ယခုနှစ်မိုးကြီး၊ ရေကြီးမှုကြောင့်ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရတဲ့ ပြည်နယ်/တိုင်းဒေသကြီးမှာ ကြုံတွေ့ခဲ့ရတဲ့အခြေအနေများကို ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပင်ဖြစ်ပါတယ်။ ထိုကဲ့သို့ ကြိုတင်တွက်ဆခန့်မှန်း၍မရနိုင်တဲ့ သဘာဝဘေးဆိုးအန္တရာယ်များကျရောက်လာပါက မူလက ဆန်စပါးဖူလုံပိုလျှံနေသော ပြည်နယ်/တိုင်းဒေသကြီးမှာပင်လျှင် အခက်အခဲကြီးများကြုံတွေ့ခဲ့ရပြီး တစ်နိုင်ငံလုံးအမျိုးသားရေးအကျိုးစီးပွားကာကွယ်သည့်အနေဖြင့် ဦးထမ်းပဲ့ထမ်းပါဝင် ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြရတဲ့ လက်တွေ့

သင်ခန်းစာ များလည်းမကြာသေးမီကာလမှာ ပင်မကယနေ့တိုင်ပင်ရှိနေဆဲဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့ ခေတ်အဆက်ဆက် ရှေးဘုရင်မင်းများလက်လက်ကစပြီး ဆည်မြောင်းတာတမံများ တည်ဆောက်ခဲ့ခြင်း၊ တပ်မတော်အစိုးရလက်ထက်မှာ ဆည်မြောင်းတာတမံများအားများစွာ အကုန်အကျခံ၍ တည်ဆောက်ခဲ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာဒေသအလိုက် ဝမ်းစာစပါးဖူလုံပိုလျှံရေးနှင့် အဓိက သီးနှံ၊ ဆန်စပါးတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ရေရှည် ရည်မှန်းချက်ဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်၊ မိသားစု၊ ဒေသတစ်ခု၏ ဝင်ငွေအကျိုးစီးပွားရေးတို့ကိုသာ မကြည့်ပဲ နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွား National interest ကို မထိခိုက်စေရန်အတွက် စီမံဆောင်ရွက်ရန်လည်းလိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်၏ ပြည်တွင်းသုံး ဘဏ္ဍာငွေအပါအဝင် နိုင်ငံခြားငွေအမြောက်အများဖြင့် တည်ဆောက်ထားရှိသည့် ဆည်ရေသောက် လယ်မြေများအပေါ်မှာ တန်ဖိုးရှိအသုံးချနိုင်မှု၊ မူလအမျိုးသားရေး အကျိုးစီးပွားရည်မှန်းချက်ကို မထိခိုက်မတိမ်းစောင်းစေဘဲ တောင်သူလယ်သမားများ၏ ဆန်စပါးကဏ္ဍမှ ထိထိရောက်ရောက် ဝင်ငွေတိုးတက်ရရှိနိုင်စေရေးအတွက် လက်တွေ့နည်းလမ်းများ ရှာဖွေအကောင်အထည်ဖော် ပေးခြင်းဖြင့် ဆောင်ရွက်ရန်လိုအပ်မှာဖြစ်ပါတယ်။ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ဟာ ဆန်စပါး အမြဲလိုအပ် နေတဲ့ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အာဖရိကနိုင်ငံများကို ထိုင်းမှနှစ်စဉ်တန်ချိန် ရှစ်သန်းမှ ၁၀ သန်းအထိ တိုးတက်တင်ပို့ရန် ကြိုးစားလျက်ရှိပြီး၊ဗီယက်နမ်မှ နှစ်စဉ်တန်ချိန် ခြောက်သန်းမှ ခုနှစ်သန်းတင်ပို့နိုင်အောင်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် တိုက်ရိုက်ဆက်စပ်နေတဲ့ တောင်သူ လယ်သမားများ၏ ဝင်ငွေကို ခိုင်ခိုင်မာမာတိုးတက်ရရှိစေလျက်ဖြစ်ပြီး ၎င်းတို့နိုင်ငံများ၏ စီးပွားရေး တိုးတက်မှုကိုလည်း ဆန်စပါးကဏ္ဍမှထိရောက်စွာ ဖော်ဆောင်ပေးနိုင်လျက်ရှိနေပါတယ်။ အတုယူ ဖွယ်ရာနိုင်ငံများကို လေ့လာတွေ့ရှိချက်များအရ ဆန်စပါးနည်းပညာဖြင့် စပ်မျိုးစပါး ထုတ်လုပ် စိုက်ပျိုးမှုအပါအဝင် အထူးအထွက်တိုးမျိုးများကို ပြောင်းလဲအသုံးပြုခြင်း၊ စိုက်ပျိုးထုတ်လုပ် သည့်တောင်သူလယ်သမားများကို ဈေးကွက်၏တန်ဖိုး MarKet Price ကို ထိုက်တန်စွာခွဲဝေ ရရှိနိုင်ရေးအတွက် ထိန်းကျောင်းဆောင်ရွက်ပေးခြင်း၊ ဈေးနှုန်းအာမခံစနစ်ဖြင့် စပါးစိုက်သည့် တောင်သူလယ်သမားများဝင်ငွေကို တိုးတက်ရရှိစေနိုင်ပြီး တောင်သူလယ်သမားများ စိုက်လိုအား ဆန္ဒကိုလည်း ပို၍ပို၍မြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်လျက်ရှိနေကြောင်း ဘက်စုံထောင့်စုံမှ အသေးစိတ် လေ့လာအတုယူပြီး၊ အတုယူထိုက်သည်များကိုအတုယူ၍ လိုအပ်သည့်အချက်များကို လျင်မြန်စွာ ပြုပြင်အကောင်အထည်ဖော်ပေးခြင်းဖြင့် ကုစားကြရမည်ဖြစ်ပါတယ်။ ထိုင်း၊ ဗီယက်နမ်

နိုင်ငံများမှာ တောင်သူလယ်သမားများဟာ ဆည်ရေသောက် လယ်မြေများတွင် စပါးပြီး စပါး၊ စပါးတစ်နှစ်လျှင် နှစ်သီးကနေပြီးတော့ နှစ်နှစ်ကို ငါးသီးစိုက်ပျိုးရန်အားထက်သန်နေကြပြီး မိမိတို့ လယ်သမားများမှာ စပါးနှစ်သီးစိုက်ရန်ပင်လျှင် ကြောင့်ကြနေကြသည်မှာ ဝင်ငွေတွက်ခြေမကိုက် သည့် ဇစ်မြစ်အခြေခံ ဖြစ်သည့်အပေါ် တွက်ခြေကိုက်ဝင်ငွေအကျိုးရှိစေသော သီးနှံ Paddy For Prosperity (Paddy For Wealth)စပါးသီးနှံအား ဓနဥစ္စာတိုးပွားစေသည့် သီးနှံဖြစ်အောင် ဈေးကွက်နှင့် ဈေးနှုန်းခိုင်မာအောင် ဆောင်ရွက်ပေးရန် အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။

သက်တမ်းတိုရက်ပေါင်း ၁၁၀ မှ ၁၂၀ ရက်အတွင်း အထွက်ကောင်းမျိုး၊ အထူးအထွက်တိုး ဆန်စပါးမျိုးများ ကျယ်ပြန့်စွာလည်းပဲ နိုင်ငံတော်အတွင်း ရရှိနိုင်ပြီဖြစ်ပါတယ်။ လေးလခန့်အတွင်း အရင်းရော၊ အမြတ်ပါငွေပြန်ပေါ်နိုင်တဲ့၊ တွက်ခြေကိုက်တဲ့သီးနှံဖြစ်တဲ့အတွက် တွက်ခြေကိုက်တဲ့ ဈေးနှုန်း(ဈေးကွက်)ရရှိပါက တောင်သူလယ်သမားများဆန္ဒအရ သီးနှံရွေးချယ်မှုအလိုအလျောက် မှန်ကန်လာစေမည်ဖြစ်ပါတယ်။ ဤသို့အားဖြင့် နိုင်ငံတော်အစိုးရအပိုင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပိုင်းမှ နည်းလမ်းရှာဖွေ အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ ဆန်စပါး စိုက်တောင်သူများ၏ လက်တွေ့လိုအပ်ချက်များကို ပြုပြင်ကုစား၊ ကုသပေးမည့်နည်းလမ်း များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အပါအဝင် အသိအမြင်ကြွယ်ဝကြသူများအနေဖြင့် ထိန်းကျောင်းပံ့ပိုးကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့ရာတွင် ဆည်တာတမံများရှိနေသော်လည်းပဲ စပါးသီးနှံ အောင်မြင်ဖြစ်ထွန်း နိုင်လောက်အောင် စိုက်ပျိုးရေအပြည့်အဝ မလုံလောက်နိုင်တဲ့ အပူပိုင်းမိုးနည်း ဒေသဖြစ်နေပါက စပါးသီးနှံတစ်ဧကအတွက် စိုက်ပျိုးရေလိုအပ်ချက်ခြောက်ဧကပေ ရေပမာဏလုံလောက်အောင် ထိမ်းသိမ်းဖြန့်ဖြူးပေးနိုင်မှုမရှိသော ဒေသများတွင်ရေကို တန်ဖိုးရှိစွာထိထိ ရောက်ရောက်အသုံးချပြီး ရေအသုံးပြုရမှု လိုအပ်ချက်နည်းသည့်ဝင်ငွေရ သီးနှံအမယ် Cash Crop များကိုရွေးချယ် စိုက်ပျိုး ခွင့်ပြုရန် အားပေးဆောင်ရွက်သင့်ပါတယ်။ မည်သည့်သီးနှံ ရွေးချယ်ရမည် ကိုမူ ဒေသနှင့်လိုက်လျောညီထွေရှိပြီး တောင်သူလယ်သမားများအတွက် အမှန်တွက်ခြေကိုက်အောင် ရွေးချယ်စီမံဆောင်ရွက်ပေးရန် သီးနှံပုံစံ Crop Pattern ကိုလည်း တာဝန်ရှိသူများမှ ကွင်းဆင်း လေ့လာပြီးတော့ သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်ပေါ်တွင် ဆည်ရေသောက်လယ်မြေများ၌ ဒုတိယသီးနှံကို တောင်သူများဆန္ဒအရ စိုက်ပျိုးခွင့်ပြုရန် မေးခွန်းအပေါ် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားနှင့်စားနပ်ရိက္ခာဖူလုံမှု Food Security အတွက်စီမံတွက်ချက်ပြီး တည်ဆောက်ထားသောဆည်များအား ဆန်စပါးသီးနှံကိုသာလျှင် အဓိက

အားပြုထုတ်လုပ်ရန်မှာ လျော်ကန်သင့်လျော်မည်ဖြစ်ပါကြောင်းနှင့် တောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးဖြစ်ထွန်းစေရေးအတွက်ကိုမူ မိမိတို့နိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသနေ ပြည်သူများ၏လူနေမှုဘဝ တိုးတက်ရေး အတွက် စပါးစိုက်တောင်သူများ ဈေးကွက်၏တန်ဖိုး MarKet Price ကိုထိုက်တန်စွာရရှိခံစားနိုင်ရေး ဘက်ပေါင်းစုံမှသုံးသပ်ထိန်းကျောင်း တည့်မတ်အကောင်အထည်ဖော်ပေးခြင်းလုပ်ငန်းကို လယ်သမား များ စပါးတိုးတက်ထုတ်လုပ်ရေးအတွက် မဖြစ်မနေစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နိုင်ငံတော်၏ ရေရှည်ထိန်းသိမ်းကာကွယ်ရမည့် အမျိုးသားရေး အကျိုးစီးပွားနှင့် လယ်သမားများ၏ လက်ငင်းအကျိုးစီးပွားအတွက်မိမိ၏ ရှင်းလင်းဖြေကြားချက် များအပေါ်တွင် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ လက်ခံပေးနိုင်ပါ မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ဧရာဝတီတိုင်း ဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း မေးမြန်းထားတဲ့ ဖျာပုံမြို့နယ်တွင် စိုက်ပျိုးရေးနှင့်ပတ်သက်သော သင်တန်းကျောင်းတစ်ခုအား ဖွင့်လှစ်ပေးရေးကိစ္စ ဆိုင်ရာ မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်တစ်ရပ်အဖြစ် လေ့ကျင့်ရေးနှင့်ပညာရေးတာဝန် Training Education တာဝန်ကိုအထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပထမဦးစွာ တင်ပြအပ်ပါတယ်။ တောင်သူလယ်သမားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သီးနှံအထွက်တိုးရန် လိုအပ်သည့် နည်းပညာများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စံပြကွက်များဖော်ထုတ်စိုက်ပျိုး ပြသစည်းရုံး ခြင်းလုပ်ငန်းများကိုလည်းပဲ တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများရဲ့ သားသမီးများအနေဖြင့်လည်း ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို မိမိတို့ဒေသအတွင်းမှာပင် လေ့လာသင်ယူနိုင်ရန် ရည်ရွယ်ပြီးတော့မှ စိုက်ပျိုးရေးသိပ္ပံကျောင်း ခုနှစ်ကျောင်းကို ဧရာဝတီတိုင်းရှိ မြောင်းမြမြို့၊ ပဲခူးတိုင်းအတွင်းရှိ သာယာဝတီမြို့၊ မန္တလေးတိုင်း အတွင်းရှိ ပျဉ်းမနားမြို့နှင့်ပုသိမ်ကြီးမြို့၊ မကွေးတိုင်းအတွင်းရှိ ပွင့်ဖြူမြို့၊ စစ်ကိုင်းတိုင်းအတွင်းရှိ ရွှေဘိုမြို့နှင့် မွန်ပြည်နယ်အတွင်းရှိ သထုံမြို့များမှာ အသီးသီးဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် သီးနှံအထူးပြု သင်တန်းကျောင်းနှစ်ကျောင်းကို အောင်ပန်းမြို့နှင့် မြိတ်မြို့များတွင်လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် တက္ကသိုလ်၏ သီးနှံအထူးပြုကျောင်းခွဲများကို မှော်ဘီမြို့၊ လှည်းကူးမြို့၊ ဖားအောက်မြို့၊ ညောင်ပင်သာမြို့၊ မကွေးမြို့၊ လွန်ကျော်မြို့နှင့် အောင်ပန်းမြို့များမှာ အသီးသီးဖွင့်လှစ် သင်ကြားပေးလျက် ရှိနေပါတယ်။ သို့အတွက်ကြောင့် ၁၉၈၈-၈၉ ခုနှစ်မှ

၂၀၀၉-၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရရှိသူ ၉၇၇၆ ဦး၊ စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့ ၃၈၄၅ ဦး မွေးထုတ်လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များကိုလည်း ပြည်တွင်း၊ ပြည်ပသင်တန်းများမှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသန်းဝင်းမေးမြန်းထားသည့် မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့်ပတ်သက်သော အသိပညာ၊ အတတ်ပညာများသင်ယူနိုင်ရန်အတွက် မြောင်းမြမြို့တွင်ဖွင့်လှစ်ထားရှိသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် သင်ယူနိုင်ပါကြောင်း လောလောဆယ်အားဖြင့်ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများခွင့်ပြုဆောင်ရွက်ပေးနေရလျက်ရှိသည့်အပေါ်မှာလည်း သိရှိနားလည်ပေးနိုင်ပါရန်နှင့် လောလောဆယ်ဖျာပုံမြို့နယ်တွင် စိုက်ပျိုးရေးသင်တန်းကျောင်း သီးခြားအသစ်တစ်ခု ထပ်မံဖွင့်လှစ်ပေးရန် မရှိနိုင်သေးသော်လည်း အထူးကိစ္စတစ်ရပ်အနေဖြင့် ဖျာပုံမြို့နယ်အတွက် လေ့ကျင့်ပညာပေးရေးအဖွဲ့ကဲ့သို့ ပညာရှင်များဖွဲ့စည်းစီစဉ်စေလွှတ်ပြီးတော့မှ ဒေသအတွက်အထူးလိုအပ်နေတဲ့ Good Agriculture Practice ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် GAP နည်းလမ်းများ၊ နည်းပညာများကို စံပြစိုက်ကွင်း ထူထောင်အကောင်အထည်ဖော်ပြီးတော့မှ အနီးကပ်လေ့လာသင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားပါမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ ကော့သလိုင်တာတွင် ရေထိန်းတံခါးတပ်ဆင်ပေးနိုင်မည့်အစီအစဉ်နှင့်ပတ်သက်၍ မေးခွန်းကို ကျွန်တော်မှ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဓနော်ကျေးရွာအတွင်းရှိ ကော့သလိုင်တာမှာ ၁၉၉၄- ၁၉၉၅ ခုနှစ်မှာ ကျေးရွာလူထုအင်အားဖြင့်တည်ဆောက်ခဲ့ပြီး ကျေးရွာမှထိန်းသိမ်းထားတဲ့ လယ်သမားတာဖြစ်ပါတယ်။ အဆိုပါ တာတည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ ပန်းတနော်မြို့နယ်ရှိ ဗောဓိအနောက်ကွင်းတွင် မိုးစပါးနှင့်နွေစပါးများ စိုက်ပျိုးနိုင်ရန်အတွက်နှင့် ရေကြီးမှုကာကွယ်ရန် ကျေးရွာချင်းဆက်လမ်းအဖြစ်အသုံးပြုရန်အတွက်လည်းဖြစ်ပါတယ်။ လက်ရှိလည်းပဲ အကျိုးပြုနေတဲ့ တာဖြစ်ပါတယ်။ ဓနုဖြူမြို့နယ်နှင့် ဟင်္သာတမြို့နယ်များမှ စီးဆင်းလာတဲ့ရေများနှင့် ကျုံပျော်မြို့နယ် ရေနက်ကွင်းအတွင်းမှရေများကို ကော့သလိုင်တာတောင်ဘက်မှာရှိတဲ့ ဆင်ချောင်းရေတံခါးမှ ထုတ်နုတ်ပေးပြီး ကော့သလိုင်တာနှင့် အပြိုင်ရေနုတ်ချောင်းမှတစ်ဆင့် ခရေကန်ရေထွက်ပေါက် ကျုံကရင်ချောင်းတို့မှတစ်ဆင့် ပသွယ်ချောင်းများအတွင်းကို ထုတ်လွှတ်ပေးရပါတယ်။ ယခုနှစ်မှာ

ထူးကဲမိုးရွာသွန်းမှုများရှိခဲ့သဖြင့် ကျုံပျော်၊ ဓနုဖြူနှင့် ဟင်္သာတမြို့နယ်များမှ စီးဆင်းလာသော ရေအားများပြီး ခရေကန်ရေထွက်ပေါက်မှ နိုင်နင်းစွာရေထုတ်နုတ်နိုင်ခဲ့ခြင်း မရှိသည့်အတွက်ကြောင့် ကျုံပျော်မြို့နယ်အတွင်း အခိုက်အတန့်အားဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရပါတယ်။ ထိုသို့ ရေကြီးနစ်မြုပ်မှုမှ ထိထိရောက်ရောက်ကာကွယ်ရန်နှင့် ရေထွက်အားပိုမိုကောင်းမွန်စေရန်အတွက် ပညာရှင်များ ကွင်းဆင်းလေ့လာဆောင်ရွက်မှုများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ခရေကန်-ဂနိမ်း-ဂျုံးဂျုံးကျချောင်းချဲ့ခြင်း၊ ကျုံကရင်နှင့် မွေ့ထရံချောင်းချဲ့ခြင်း၊ ကျုံပတော-ကျုံတမာချောင်းချဲ့ခြင်း လုပ်ငန်းနှင့် ကျုံပတော-ဂရက်ကြီး ချောင်းချဲ့ခြင်းလုပ်ငန်းများကို ပွင့်လင်းရာသီကာလမှာ ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် အဓိကလိုအပ်နေတဲ့ ရေထွက်အား ပိုမို ကောင်းမွန်စေရေးအတွက် လိုအပ်တဲ့ရေမြောင်းများ ချဲ့ခြင်းလုပ်ငန်းများကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် ကော့သလိုင်တာတွင် သီးခြားရေထိန်းတံခါးတည်ဆောက် တပ်ဆင်ပေးရန်လုပ်ငန်း လိုအပ်ချက် လုပ်ငန်းမရှိနိုင်တော့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ အာဏာပိုင်အဖွဲ့အစည်းများက ကျင့်သုံးတဲ့ ဥပဒေ ၁၁၅ ခု၊ ကာကွယ်ရေးဘဏ္ဍာအတွက် ကျင့်သုံးတဲ့ဥပဒေ ၁၃ ခု၊ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့ဝင်မှုကြီးကြပ်ရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၅၉ ခု၊ စည်ပင်သာယာရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၁၂ ခု၊ သာသနာရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၁၀ ခု၊ နိုင်ငံခြားရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေခြောက်ခု၊ ဘဏ္ဍာရေးအခွန်ငွေရေးကြေးရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၂၉ ခု၊ စီးပွားရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၅၇ ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍအတွက် ကျင့်သုံးသော ဥပဒေ ၂၉ ခု၊ သမဝါယမကဏ္ဍအတွက် ကျင့်သုံးသော ဥပဒေနှစ်ခု၊ ဆောက်လုပ်ရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေငါးခု၊ လူမှုရေးကဏ္ဍအတွက် ကျင့်သုံးသောဥပဒေ ၆၄ ခု စုစုပေါင်း ၄၀၁ ခုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေနဲ့ နည်းဥပဒေများ များစွာရှိတဲ့အနက် ခေတ်နှင့်လျော်ညီခြင်းမရှိသော ပြည်သူများအပေါ် အကျိုးမပြုသော ဥပဒေများ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍

ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက တည်ဆဲဥပဒေများအနက် ခေတ်နှင့်လျော်ညီခြင်းမရှိတဲ့ ဥပဒေများ၊ နိုင်ငံတော်နှင့်ပြည်သူတို့အပေါ်မှာ အကျိုးမပြုတဲ့ ဥပဒေများနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စီစဉ်ဆောင်ရွက်ထားရှိမှုများကို သိရှိလိုပါကြောင်း မေးမြန်းတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်က ဖြေကြားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေအရပ်ရပ်ကို အကြောင်းပြုပြီးတော့ လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလို ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေအနက် အချို့ဥပဒေတွေဟာ ပြောင်းလဲလာတဲ့အခြေအနေနှင့် ဆီလျော်မှုမရှိခြင်းကြောင့်လည်းကောင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်းကြောင့်လည်းကောင်း၊ အနာဂတ်ကာလမှာကျင့်သုံးရန် အကြောင်းမရှိတော့တဲ့အတွက်ကြောင့်လည်းကောင်း၊ ရုပ်သိမ်းသင့်တဲ့ဥပဒေတွေရှိသကဲ့သို့ ပြောင်းလဲလာသောအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်သင့်တဲ့ ဥပဒေများလည်းရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ တည်ဆဲဥပဒေတွေကို စာရင်းပြုစုထားတာရှိပါတယ်။ သို့ရာတွင် ဥပဒေအသီးသီးကိုစီမံခန့်ခွဲ အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းတွေဟာ ပြည်ထောင်စုဝန်ကြီးဌာနများသာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးတော့ ရုပ်သိမ်းသင့်သည့် ဥပဒေများကို ရုပ်သိမ်းရန်လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်သင့်သည့်ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန်လည်းကောင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများကို အသစ်ပြဋ္ဌာန်းရန်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးစတင်ပြီးတာနှင့် တစ်ပြိုင်တည်းမှာပဲ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေကို ပြင်ဆင်၊ ရုပ်သိမ်း၊ အသစ်ရေးဆွဲလိုတဲ့ ဥပဒေများကို စိစစ်ပြီးတော့ သဘောထား မှတ်ချက်တွေနဲ့အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို စာရင်းပေးပို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန

တွေကလည်း ဥပဒေများကိုစိစစ်ပြီးတော့ သဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို စာရင်းပေးပို့လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ခေတ်နှင့်လျော်ညီခြင်းမရှိတဲ့ဥပဒေများ၊ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ်အကျိုးမပြုသော ဥပဒေများနှင့်စပ်လျဉ်းပြီးတော့ ရုပ်သိမ်းလိုသည့် ဥပဒေအချို့ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှသဘောထားပေးပို့ထားရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့်လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနများက ရုပ်သိမ်း၊ဖျက်သိမ်းသင့်တဲ့ဥပဒေတွေကို လွှတ်တော်ကိုတင်ပြနိုင်ရန် အသေးစိတ်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ စိစစ်ဆောင်ရွက်တဲ့နေရာမှာ ဥပဒေတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ၊မရှိ။ ခေတ်နှင့်လျော်ညီမှု ရှိ၊ မရှိ။ ပြည်သူကို အကျိုးပြုမှု ရှိ၊ မရှိ။ ဥပဒေတစ်ရပ်ရဲ့ အကျိုးသက်ရောက်မှုဟာ ပျက်ပြယ်သွားနိုင်မှု ရှိ၊ မရှိ။ ဥပဒေတစ်ရပ်အရ သက်ဆိုင်သည့်ကာလမှာ ဆောင်ရွက်မှုသည်ယင်းဥပဒေအရ တရားဝင်ဆောင်ရွက်ခြင်းဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဆက်လက်တည်ရှိနေဖို့ သင့်၊မသင့် စသည့်အချက်များကို ထည့်သွင်းစဉ်းစားရပါတယ်။ ဥပဒေတစ်ရပ်ကို အစားထိုးပြဋ္ဌာန်းတဲ့အတွက်ကြောင့်မို့လို့ ရုပ်သိမ်းခြင်းမဟုတ်ဘဲနဲ့ အပြီးရုပ်သိမ်းလိုက်ခြင်းဟာ ယင်းဥပဒေ၏ အာဏာသက်ရောက်မှုကို လုံးဝပျက်ပြယ်သွားနိုင်တာဖြစ်တဲ့အတွက်ကြောင့် ဥပဒေတစ်ရပ်ကိုအပြီးရုပ်သိမ်းလိုက်ဖို့ သင့်၊ မသင့်မှာ အထူးအလေးအနက်ထားပြီးတော့ ဆောင်ရွက်ရတဲ့ကိစ္စရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး ဥပဒေများရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းတို့ ပြုလုပ်သွားနိုင်ရေးကိုပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ အကြံပြုဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် စိုက်ပျိုးမြေများအား အခြားနည်းဖြင့်အသုံးပြုရန် သိမ်းဆည်းမှုများနှင့်ပတ်သက်၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြချက်မှာ ဥပဒေပုဒ်မများ ပါရှိပါသဖြင့် ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အခန်း(၁)အပိုဒ်၃၇(က)အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ဖော်ပြပါရှိပါတယ်။ ၁၉၅၃ ခု၊ လယ်ယာမြေနိုင်ငံ ပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၈(၁)တွင် နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုခုတွင် သီးနှံအမျိုးစား တစ်ခုကို စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ဒေသတစ်ခုတွင် လယ်ယာမြေကို သတ်မှတ်ထားသော နည်းလမ်းအတိုင်း အသုံးချခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူ လယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေဖြစ်မည်ဟု ထင်မြင်ယူဆလျှင် အဆိုပါသီးနှံ အမျိုးအစားကို စိုက်ပျိုးစေရန်လည်းကောင်း၊ အဆိုပါနည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချစေရန် သော်လည်းကောင်း သင့်လျော်သည့် ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်ပါသည်။ သို့မဟုတ် ဆောင်ရွက်စေနိုင်သည်ဟု၍လည်းကောင်း ဖော်ပြပါရှိပါသည်။ ယင်းအက်ဥပဒေပုဒ်မ ၃၉ တွင် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကခန့်အပ်သော အာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ် သည့်နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်ဟုဖော်ပြပါရှိပါသည်။ ယင်းဖော်ပြချက်များအတိုင်း နိုင်ငံတော်နှင့် ပြည်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတိုင်း တွင် မြေသိမ်းဆည်းမှုများ ပြုလုပ်ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း အလားတူမြေသိမ်းဆည်းမှုများကို ထိုက်သင့်သည့်လျော်ကြေးများနှင့် နစ်နာကြေးများပေး၍ ဆောင်ရွက်မှုများရှိခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်၏အကျိုးစီးပွားပိုမို ဖြစ်ထွန်း စေမည့်စီမံကိန်းများအတွက် မဖြစ်မနေ လိုအပ်ချက်အရမြေသိမ်းဆည်းရာတွင် မြေအသုံးချ ပိုင်ခွင့် ရှိသူများအား အဖက်ဖက်မှနစ်နာမှုမရှိစေရန် အောက်ပါအတိုင်းဆောင်ရွက်သင့်ကြောင်းတင် ပြအပ်ပါသည်-

(က) နိုင်ငံတော်မှ လိုအပ်သောစီမံကိန်းအတွက် လိုအပ်သည့်မြေကို စနစ်တကျစိစစ်ပြီး အနည်းဆုံးလိုအပ်သည့် ဧရိယာကိုသာ သိမ်းဆည်းသင့်ပါသည်။

(ခ) စီမံကိန်းအကောင်အထည်ဖော်ရာတွင် အနည်းဆုံးကာလ သတ်မှတ်ချက်ထားရှိပြီး သတ် မှတ်ချက်ကာလအတွင်း စီမံကိန်းပြီးစီးအောင်ဆောင်ရွက်သင့်ပါသည်။

(ဂ) စီမံကိန်းဆောင်ရွက်ခြင်းမပြုတော့သောသိမ်းဆည်းမြေများအား မူလလုပ်ကိုင်ခွင့်ရရှိ သည့် တောင်သူလယ်သမားများသို့ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန်သင့်ပါသည်။

(ဃ) နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားထက် ပုဂ္ဂလိကအကျိုးစီးပွားကို ရည်ရွယ်ဆောင် ရွက်သောစိုက်ပျိုးမြေများအား အခြားနည်း လမ်းအသုံးပြုရန် သိမ်းဆည်းခြင်းများကို ထိရောက်စွာစိစစ်ကြပ်မတ်သင့်ပါသည်။ ဥပမာ-လယ်ယာမြေများတွင် ပုဂ္ဂလိကများအားမြေအိမ်ဆောက်လုပ်ခွင့်ပေးမှု။

အထက်ပါတင်ပြချက်များနှင့်ပတ်သက်၍ မေးခွန်း(၁)၊ စီစဉ်ဆောင်ရွက်ရန် အစီအစဉ် ရှိမရှိ။ မေးခွန်း (၂) မရှိလျှင်မည်သည့်အတွက်နည်း။ မေးခွန်း (၃) ရှိလျှင်မည်သို့ဆောင်ရွက်သွားမည်နည်း။အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်စွာမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ စိုက်ပျိုးမြေများအားအခြား နည်းလမ်းဖြင့် အသုံးပြုရန် သိမ်းဆည်းမှုများနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်စွာမြင့်က ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၃ ခုနှစ်၊လယ်ယာမြေနိုင်ငံ ပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ အဆိုပါအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များမှာ မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်သမ္မတဟာ သို့တည်းမဟုတ် ယင်းကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ဟာ လိုအပ်သည်ဟုထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်းအသုံးချရန် ဆင့်ဆိုနိုင်ပါတယ်လို့ ဖော်ပြထားပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကိုသတ်မှတ်ထားသည့် နည်းလမ်းအတိုင်းအသုံးပြုရန်အတွက် ဆင့်ဆိုရန်လျှောက်ထားမှုများနဲ့ ပတ်သက်ပြီး အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် ယခင်လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ဗဟိုမြေယာကော်မတီရဲ့ ၁၀-၃-၁၉၇၅ ရက်စွဲပါ စာအမှတ်၊ ၂၂၅/ဗလက (၉)(န)၇၂ (ရန်ကုန်)၁၀၇ ဖြင့်ညွှန်ကြားထားရှိခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၉ အရလယ်ယာမြေကို သတ်မှတ်တဲ့နည်းလမ်းအတိုင်း အသုံးချဖို့အတွက်ကို ဆင့်ဆိုပေးပိုင်ခွင့်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံးရဲ့ ၂၂-၁၁-၁၉၈၈ ရက်စွဲပါ စာအမှတ်၊ ၁၀/၆၀၁-ဆ/အဖရ ဖြင့်ယခင်တိုင်းဒေသကြီး၊ ပြည်နယ်အာဏာပိုင်တို့ကို လုပ်ပိုင်ခွင့် အပ်နှင်းထားပြီးလည်းဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ

၃၉ ပါလယ်ယာမြေကို သတ်မှတ်တဲ့နည်းလမ်းအတိုင်း အသုံးချခြင်းဆောင်ရွက်ရာမှာ ဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတက ဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုး ရအဖွဲ့က ထောက်ခံကာ သက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်သွားဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၇-၆-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁/၂၅၂-လယ်ယာ/အဖရ(၂၀၁၁)ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရ၊ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက မြေသိမ်းဆည်းပေးဖို့ အဆိုပြုလျှောက်ထားရာမှာ သိမ်းယူမယ့်မြေရဲ့ တည်နေရာ၊ နယ်နမိတ်အလားအလာ၊ အလိုရှိတဲ့ဧရိယာ၊ သိမ်းဆည်းမယ့်မြေရဲ့ ပိုင်ရှင်အမည်၊ မြေအပေါ်ရှိအဆောက်အအုံများ၊ သီးပင်စားပင်များ၊ ရာသီအလိုက်စိုက်ပျိုးသီးနှံ စာရင်း မည်သည့်အတွက်ကြောင့် သိမ်းယူလိုကြောင်း ကျိုးကြောင်းဖော်ပြချက် ပြည့်စုံစွာပါရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သိမ်းယူလိုတဲ့မြေနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနရဲ့ သက်သေခံ မြေပုံ၊ မြေရာဇဝင်သိမ်းယူလိုတဲ့မြေဟာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃(ခ)ပါ လယ်ယာမြေဆိုတဲ့စကားရပ်နဲ့ အကျုံးဝင်တဲ့မြေဖြစ်ရင် အဲဒီအက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်တဲ့နည်းလမ်းအတိုင်းအသုံးချဖို့ ဆင့်ဆိုတဲ့အမိန့်ခွင့်ပြုချက်နဲ့အတူ သက်ဆိုင်ရာဌာနအကြီးအကဲက အဲဒီမြေကိုသိမ်းယူပေးစေလိုကြောင်း အုပ်ချုပ်မှုဆိုင်ရာသဘော တူညီချက်၊ မြေသိမ်းဆည်းခြင်းအတွက်လိုအပ်တဲ့အသုံးစရိတ် မြေလျော်ကြေးပေးဆောင်ဖို့ ရန်ပုံငွေ အလုံအလောက်စွာရှိကြောင်း ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်တို့ဖြင့် လျှောက်ထားတင်ပြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ဝန်ကြီးဌာနတစ်ခုခုအတွက်ကို အများပြည်သူ အကျိုးငှာ မြေသိမ်းဆည်းပေးရန် သက်ဆိုင်ရာဌာနကအဆိုပြုလျှောက်ထားလာပါက ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ခရိုင်အုပ်ချုပ်ရေးမှူးများအား မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်နိုင်ရန် မြေသိမ်းကော်လိတ္တော်အရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်းတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ဝန်ကြီးဌာနများက မြေနေရာ များကို လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံတော်ရဲ့အကျိုးစီးပွားအတွက် မြေနေရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုတဲ့အခါ မြေအသုံးချခွင့်ရရှိရေးအတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူသွားဖို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရဲ့ ၁၅-၂-၂၀၀၂ ရက်စွဲပါ စာအမှတ်၊၄၆/၀၀၁ -(က)/အဖရဖြင့် ညွှန်ကြား ထားရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အများပြည်သူအကျိုးငှာသိမ်းယူမယ့်မြေဟာ လယ်ယာမြေဖြစ်ပါက ၁၉၅၃ ခုနှစ်၊လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေကိုသတ်မှတ်တဲ့နည်းလမ်းအတိုင်းအသုံးချရန် ဆင့်ဆိုသည့်အမိန့်ခွင့်ပြုချက်ရရှိမှသာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြေသိမ်းအမှုတွဲဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြေသိမ်းကော်လတ္တော်အရာရှိရဲ့ လုပ်ပိုင်ခွင့်ကို အပ်နှင်းခံရသူခရိုင်အုပ်ချုပ်ရေးမှူးအနေဖြင့် မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရာမှာ အဆိုပြုလျှောက်ထားမြေကို အများပြည်သူအကျိုးအတွက် အမှန်တကယ်အသုံးပြုရန်သင့်လျော်ခြင်း ရှိ၊ မရှိ သေချာမှုရှိစေရန် စနစ်တကျစိစစ်ခြင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းတို့ကို ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေသိမ်းဆည်းရာမှာ အနည်းဆုံးလိုအပ်တဲ့မြေဧရိယာကိုသာ သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှောက်ထားသူအနေနဲ့လည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေသိမ်းယူခြင်းလုပ်ငန်းဆောင်ရွက်ရာမှာ ပုဂ္ဂလိကအကျိုးစီးပွားကိုရည်ရွယ်တဲ့ကိစ္စများအတွက် လုံးဝခွင့်ပြုခြင်းမရှိဘဲ နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးစီးပွားအတွက် မြေသိမ်းဆည်းခြင်းကိုသာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ စိစစ်တင်ပြချက်အပေါ် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရရဲ့ ထောက်ခံချက်အရ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပြုလျှောက်ထားတဲ့မြေကို သတ်မှတ်တဲ့နည်းလမ်းအတိုင်း အသုံးမပြုခဲ့ရင် သို့မဟုတ် အသုံးပြုရန်မလိုအပ်ခဲ့လျှင် လျှောက်ထားသူက နိုင်ငံတော်သို့ပြန်လည် ပေးအပ်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချရန်ခွင့်ပြုခြင်း၊ အများပြည်သူအကျိုးငှာ မြေသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ရာမှာလည်း တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[အစည်းအဝေးကို ၃၀ မိနစ်ခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော်အဆိုပြုတင်ပြသွားမှာကတော့ စိုက်ပျိုးသီးနှံများအတွက် အထွက်တိုးတက်ရေးအတွက် ဓာတ်မြေသြဇာကို သက်သာသောနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရေး အဆိုပဲဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အဆိုကို စာဖြင့် ဖတ်ကြားတင်ပြခွင့်ပြုဖို့လည်း ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်အဖြစ် ကြိုးပမ်းတည်ဆောက်တဲ့နေရာမှာ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် တည်ဆောက်ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ စိုက်ပျိုးရေးနဲ့စက်မှုလုပ်ငန်းကို ဟန်ချက်ညီတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ တစ်ဖက်က စိုက်ပျိုးရေးမှာစပါးသည် ကျွန်တော်တို့နိုင်ငံရဲ့ အဓိကသီးနှံဖြစ်တာကြောင့် ဆန်သည် နိုင်ငံသားအားလုံးရဲ့ အဓိကစားနပ်ရိက္ခာဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် နောင်ကာလမှာ ဖွံ့ဖြိုးတိုးတက်တဲ့စက်မှုနိုင်ငံအဆင့်သို့ ရောက်ရှိသည့်တိုင်အောင် စိုက်ပျိုးရေးလုပ်ငန်းတွေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းနေရမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် လက်ရှိအခြေအနေမှာ တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP ရဲ့ ၃၂ ရာခိုင်နှုန်း ၂၀၀၉-၂၀၁၀ ကိန်းဂဏန်းအရ ဖြစ်ပါတယ်။ ဖြည့်ဆည်းပေးလျက်ရှိတဲ့နေရာမှာ ပြည်ပပို့ကုန်တန်ဖိုးရဲ့ ၁၇.၅ ရာခိုင်နှုန်းဟာ လယ်ယာထွက်ကုန်ပစ္စည်းများမှ ရရှိနေပါတယ်။ အဓိကစပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိအောင် ကြိုးပမ်းနိုင်သည်နှင့်အမျှ နိုင်ငံတော်ဝင်ငွေလည်း တိုးတက်လာနေမှာ ဖြစ်ပါတယ်။ သီးနှံအထွက်တိုးဖို့အတွက်ကို လိုအပ်ချက်များစွာရှိပါတယ်။ အခြေခံလိုအပ်ချက်နှစ်ရပ်ကတော့ စိုက်ပျိုးမြေဧရိယာတိုးချဲ့ခြင်း လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကတော့ ကုန်ကျစရိတ်

ကြီးမားပြီးတော့ အဆင့်ဆင့်ဖော်ဆောင်ရမယ်ဖြစ်သောကြောင့် နှစ်ရှည်စီမံချက်များ ချမှတ် အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ သီးနှံအထွက်တိုးရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ သီးနှံတွေအထွက်တိုးဖို့အတွက်ကတော့ မျိုးကောင်းမျိုးသန့်ကိုအသုံးပြုကာ သွင်းအားစု တွေကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ထည့်သွင်းစိုက်ပျိုးစေခြင်းအားဖြင့် နှစ်ချင်းရေတို အကျိုး သက်ရောက်နိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သွင်းအားစုများမှာ အဓိကဖြစ်တဲ့ ယူရီးယားနဲ့ တီစူပါဓာတ်မြေဩဇာကို သတ်မှတ်နှုန်းထားအတိုင်း ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် သာမန်အထွက် နှုန်းထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုထွက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ လယ်ယာစိုက်ပျိုး သီးနှံများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်မှာ ဖြစ်သလို အများစုတောင်သူလယ်သမားများလည်း ဝင်ငွေတိုးတက်ပြီးတော့မှ လူမှုရေး၊ စီးပွားရေး ဘဝ မြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ပထဝီ အနေအထားအရ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ခန့်ရှိတဲ့ နိုင်ငံကြီးနှစ်ခုအကြားမှာ တည်ရှိနေပါတယ်။ ဒါဟာ ကျွန်တော်တို့ စပါးအပါအဝင် စိုက်ပျိုးသီးနှံများ၊ ပဲသီးနှံများ၊ ကျွန်တော်တို့ များများစိုက်ပျိုး များများထုတ်လုပ်၊ များများရောင်းချနိုင်တဲ့ မဟာအခွင့်အလမ်းကြီးကို သဘာဝတရားက ပေးထား ခြင်းပဲ ဖြစ်ပါတယ်။ လူသားတွေအတွက် အဓိကနဲ့ ပထမဆုံးလိုအပ်ချက်ကတော့ စားရေးပဲ ဖြစ်ပါ တယ်။ ကျန်တဲ့ ဝတ်ရေးနဲ့ နေရေးဆိုတာကတော့ နောက်ဆက်တွဲ လိုအပ်ချက်များသာ ဖြစ်ပါတယ်။ ဒါကြောင့် စပါး၊ ပဲနဲ့ သီးနှံမျိုးစုံကို နှစ်စဥ်ပို၍ အထွက်နှုန်းတိုးအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း အားဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးဘဝ မြင့်မားတိုးတက်လာမှာ အမှန်ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ခုနက ကောင်းသောနမူနာပေးခြင်းဖြစ်၍ အိမ်နီးချင်းနိုင်ငံတချို့တွေကို နာမည်ဖြင့် သုံးစွဲခွင့်ပြုပါရန်ကိုလည်း ခွင့်တောင်းပါတယ်။ ဥပမာအားဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသည် လူဦးရေ သန်း ၇၀ ခန့်ရှိပါတယ်။ သူ့ရဲ့ အကျယ်အဝန်းကတော့ စတုရန်းမိုင် ၂၁၀၀၀၀ ကျော် ကျယ်ပါတယ်။ နောက် စိုက်ပျိုးမြေမှာပဲ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ မတိမ်းမယိမ်းဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ နိုင်ငံရဲ့ အကျယ်အဝန်းကတော့ စတုရန်းမိုင် ၂၆၀၀၀၀ ကျော် ကျယ်ဝန်းပါတယ်။ ကျွန်တော်တို့ထက် မြေဧရိယာကျဥ်းမြောင်းပါတယ်။ လူဦးရေပိုများပါတယ်။ သို့သော် ခုန လယ်/ဆည်ဝန်ကြီး တင်ပြသွား သလိုပဲ တစ်နှစ်ကို ဆန်တန်ချိန် ၈ သန်းကနေ ၁၀ သန်းအထိ ရောင်းချနေတာလည်း ကမ္ဘာမှာ အံ့အား သင့်ဖွယ် တွေ့မြင်နေရပါတယ်။ နံပါတ်တစ် ဆန်ရောင်းချတဲ့နိုင်ငံအဖြစ် ကနေ့ရပ်တည်နေပါတယ်။ နောက် အာဆီယံမိသားစုဝင်နိုင်ငံတစ်ခုဖြစ်တဲ့ ဗီယက်နမ်နိုင်ငံဖြစ်ပါတယ်။ သူ့နိုင်ငံရဲ့အကျယ်အဝန်း

က ကျွန်တော်တို့မြန်မာနိုင်ငံအကျယ်အဝန်းရဲ့ ၆၀ ရာခိုင်နှုန်းခန့်သာ ကျယ်ဝန်းပါတယ်။ သေးသွယ်ရှည်လျားတဲ့ ကမ်းရိုးတန်းနိုင်ငံဖြစ်ပါတယ်။ လူဦးရေ သန်း ၉၀ ခန့် ရှိနေပါပြီ။ လူဦးရေ ကျွန်တော်တို့ထက် အများကြီးများပါတယ်။ သို့သော်လည်းပဲ နှစ်စဉ် ဆန်တန်ချိန် ၆ သန်းကျော် တင်ပို့ပြီးတော့မှ ကမ္ဘာ့နံပါတ်နှစ်နေရာကို ရယူထားပါတယ်။ တင်ပြပြပါ နိုင်ငံနှစ်ခုဟာ မြေဧရိယာကျဉ်းမြောင်းပါတယ်။ လူဦးရေလည်းပိုများပါတယ်။ သို့သော် ယခုကဲ့သို့ ဆန်နှင့်အခြားသီးနှံများ အမြောက်အများ တင်ပို့ရောင်းချနိုင်ခြင်းကတော့ မျိုးကောင်းမျိုးသန့်နဲ့ အထွက်နှုန်းတိုးတက်နေအောင် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်တယ်ဆိုတာကတော့ ကျွန်တော်တို့ အထင်အရှားတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ရေသယံဇာတ၊ မြေသယံဇာတ၊ လုပ်အားသယံဇာတများကို ဆက်နွယ်တင်ပြလိုပါတယ်။ ခုန မြေသယံဇာတအပိုင်းမှာ ကြည့်လို့ရှိရင် ကျွန်တော်တို့က စတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော် ကျယ်ဝန်းတယ်မို့လို့ လက်ရှိလူဦးရေကလည်း သန်း ၆၀ ခန့်ရှိပါတယ်။ အာဆီယံနိုင်ငံများ ၁၀ နိုင်ငံထဲမှာ အင်ဒိုနီးရှားပြီးရင် ကျွန်တော်တို့နိုင်ငံက ဒုတိယအကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိနိုင်ငံရဲ့အကျယ်အဝန်းအရဆိုရင် လူဦးရေ သန်း ၁၅၀ ခန့်လောက်ကို ချောင်ချောင်ချိချိထားပြီးမှ ကျွေးမွေးထောက်ပံ့နိုင်တဲ့ အနေအထားမျိုးလည်း ရှိနေပါတယ်။ ဒါကြောင့်မို့လို့ မြေသယံဇာတလုံလောက်မှုရှိနေပါတယ်။ ပြီးတော့ ကျွန်တော်တို့ ရေသယံဇာတအပိုင်းကြည့်လို့ရှိရင် ကျွန်တော်တို့မှာ ကိုယ်ပိုင် မြစ်တွေ၊ ချောင်းတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ ဂျိုင်း၊ အတ္တရံ၊ နောက် တနင်္သာရီမြစ်၊ မြစ်ငယ်၊ တာပေ၊ ရွှေလီ၊ ဒုဋ္ဌဝတီ၊ မဏိပူမြစ်သာ၊ အနောက်ဘက်ရိုးရှိ ကုလားတန်မြစ်၊ လေးမြို့မြစ် ဒီမြစ်တွေ အားလုံးက ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မြစ်တွေ ဖြစ်ပါတယ်။ ဘယ်လောက်များသလဲဆိုလို့ရှိရင် ကျွန်တော်တို့က မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့နိုင်ငံလို့ သမိုင်းအဆက်ဆက်မှာ တင်စားခြင်း ခံခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မြစ်ချောင်းများကနေပြီးမှ နေ့စဉ် Daily ကျွန်တော်တို့ တောင်ဘက် ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ထဲ စီးဝင်နေတဲ့ ရေချိုရေသန့် ပမာဏသည် နေ့စဉ် ရေကုဗမီတာ ၂၅ သန်းကျော် ရှိကြောင်းလည်း လေ့လာမှတ်သားထားရှိရပါတယ်။ အဲဒီ ရေတွေဟာ ကျွန်တော်တို့ ခုန အကျိုးရှိအောင် တန်ဖိုးရှိရှိ သုံးစွဲခြင်းမပြုရဘဲနဲ့ ဒီအတိုင်း ပေးစီးဆင်း ရခြင်းဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၀ ကျော် ရှိပါတယ်။ မိမိပိုင်တဲ့ ရေသယံဇာတတွေကို ပင်လယ်ထဲကို အကျိုးမဲ့ စီးဝင်နေတဲ့ နိုင်ငံမျိုး

ကတော့ ၃၀ ခန့်ရှိတယ်လို့လည်း လေ့လာမှတ်သားရပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီကာလအထိ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးအတွက်၊ မွေးမြူရေးအတွက်၊ စက်မှုလုပ်ငန်းများအတွက်၊ နောက် ရပ်ရွာတွေသုံးဖို့အတွက်၊ ခုနက မြစ်ရေ၊ ချောင်းရေတွေသုံးစွဲမှုပမာဏသည် ၁၀ ရာခိုင်နှုန်းအောက်ပဲ ရှိတယ်လို့ သိရပါတယ်။ လေ့လာမှတ်သားရပါတယ်။ ဒီဘက်ခေတ် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက်တွေမှာ ခုနက ဆည်မြောင်းတာတမံတွေ နောက်တစ်ခါ ကျွန်တော်တို့ ရေအားလျှပ်စစ်စီမံကိန်းတွေ၊ မြစ်ရေတင်စီမံကိန်းတွေနဲ့ ကျွန်တော်တို့ရဲ့ သဘာဝရေသယံဇာတအဖြစ် သုံးစွဲထားတဲ့အခါမှာ နေ့စဉ် ပင်လယ်ထဲကို စီးဝင်နေတဲ့ ရေပမာဏရဲ့ ၃၀ ရာခိုင်နှုန်းခန့်ပဲ သုံးစွဲနိုင်ပါသေးတယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းခန့်တော့ သူ့သဘာဝအတိုင်းပဲ ကျွန်တော်တို့ အကျိုးမဲ့ ပင်လယ်ထဲကို စီးဝင်နေဆဲဖြစ်ကြောင်းလည်းပဲ လေ့လာမှတ်သားရပါတယ်။ ကျွန်တော်တို့မှာ မြေသယံဇာတ ပြည့်စုံ ပါတယ်။ ရေသယံဇာတ အလျှံအပယ် ဖြစ်ပါတယ်။ လူဦးရေ သန်း ၆၀ ဆိုတာ ကျွန်တော်တို့ ဒါ အလယ်အလတ်နိုင်ငံတစ်ခုအတွက် လုံလောက်တဲ့ လူဦးရေပမာဏ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ တိုင်းရင်းသားမျိုးနွယ်စုကလည်းပဲ ဉာဏ်ရည် Level မှာ အဆင့်မနိမ့်ကျပါဘူး။ ကျွန်တော်တို့ဟာ ခုန လူ့စွမ်းအားအရင်းအမြစ်လည်း ပြည့်စုံတဲ့နိုင်ငံ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ ပြည့်စုံမှုတွေ ရှိပါလျက်နဲ့ အခုလို ကျွန်တော်တို့က နိုင်ငံရဲ့ ပင်မစိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့ ခေတ်နောက်ကျ ကျန်နေခဲ့ခြင်းက ဘာဖြစ်သလဲ။ ဒီသယံဇာတအရင်းအမြစ်တွေကို ထိရောက်အကျိုး ရှိစွာ အသုံးမပြုနိုင်ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကျွန်တော်တို့ ခုန စိုက်ပျိုးရေးအထွက်တိုးဖို့ဆိုလို့ရှိရင် သွင်းအားစု တွေကို အပြည့်အဝသွင်းရမယ်လို့ ကျွန်တော်တင်ပြခဲ့ ပါတယ်။ လယ်တစ်ဧကအတွက် ကျွန်တော်တို့ ဓာတ်မြေဩဇာ လိုအပ်ချက်က သုံးအိတ်နှုန်း ဖြစ်ပါတယ်။ ခုနက လယ်ဆည်ဝန်ကြီးထံမှသိရတဲ့ အချက်အလက်အရ ကျွန်တော်တို့ပေးနိုင်တာသည် လေးဧကမှ တစ်အိတ်နှုန်းသာ ပေးရပါတယ်။ နှစ်စဉ်လိုအပ်တဲ့ ဓာတ်မြေဩဇာများကို နိုင်ငံခြားငွေအမြောက်အများ သုံးစွဲပြီးမှ ပြည်ပကနေ မှာယူတင်သွင်းနေရတာလည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများအားလုံး သိရှိနားလည် ပါတယ်။ သို့သော်လည်းပေါ့ ကျွန်တော်တို့ တစ်ဖက်ကလည်း ကျွန်တော်တို့နိုင်ငံမှာ ခုန ကုန်းတွင်း လုပ်ကွက်တွေ၊ ပင်လယ်ပြင်ကမ်းလွန် လုပ်ကွက်တွေကနေပြီးမှ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် အသစ်၊ အသစ်တွေ မကြာခဏ ထပ်မံပေါ်ထွန်းနေကြောင်း၊ ပေါ်ထွက်နေကြောင်းလည်း သတင်း များမှာ ကျွန်တော်တို့ လေ့လာမှတ်သားရပါတယ်။ သဘာဝဓာတ်ငွေ့နဲ့တွေ့ရသော နိုင်ငံရဲ့အခြေခံ

တည်ဆောက်မှုများအတွက် လိုအပ်တဲ့ နိုင်ငံခြားငွေရှာပေးနေတဲ့ ကျွန်တော်တို့ အဓိက ကုန်ပစ္စည်း ဖြစ်ပါတယ်။ ထပ်မံတွေ့ရှိမယ့် ဓာတ်ငွေ့များ ရှိလာတဲ့အခါမှာ နိုင်ငံခြားကနေ ဈေးကြီးပေးဝယ်နေရတဲ့ ဓာတ်မြေသြဇာအစား ဓာတ်မြေသြဇာစက်ရုံများကို ကိုယ့်ရဲ့ကုန်ကြမ်း သဘာဝဓာတ်ငွေ့များကို အသုံးပြုပြီးတော့မှ တိုးချဲ့တည်ဆောက်သွားဖို့လည်း အကြံပြုတင်ပြလိုပါတယ်။ ဒါမှသာလျှင် စိုက်ပျိုးသီးနှံများ အထွက်တိုးဖို့အတွက်ကို လိုအပ်တဲ့ဓာတ်မြေသြဇာများ အလုံအလောက်ပေးသွင်းနိုင်မှာ ဖြစ်ပါတယ်။ တစ်ခုတော့တင်ပြလိုပါတယ်။ ကျွန်တော်တို့ ခေတ်အဆက်ဆက် ကြုံတွေ့ခံစားခဲ့ကြပါပြီ။ နိုင်ငံတော်ဘဏ္ဍာတွေလည်း ကုန်ဆုံးခဲ့ပါပြီ။ ဓာတ်မြေသြဇာစက်ရုံအသစ်၊ အသစ်တွေ နောင်မှာ တည်ဆောက်မယ်ဆိုရင် Quality Control အရည်အသွေးပြည့်မီဖို့တော့ အထူးအရေးကြီးပါတယ်။ တန်တစ်ထောင်ကျ ဓာတ်မြေသြဇာဆိုပြီး တည်တဲ့အခါမှာ ထွက်လာတော့ တန် ၅၀၀ တို့၊ တန် ၃၀၀ တို့ နောက်တခြားအလားတူ စက်တွေလည်းရှိပါသေးတယ်။ ဒီသင်ခန်းစာတွေယူပြီးတော့မှ ကျွန်တော်က အရည်အသွေးပြည့်မီတဲ့ စံချိန်စံညွှန်းကိုက်ညီတဲ့၊ အာမခံချက်အပြည့်အဝရှိတဲ့စက်မျိုးသာ သုံးစွဲခွင့်ပြုသင့်ကြောင်းလည်း ဒီမှာ ကျွန်တော် ဖြည့်စွက်တင်ပြလိုပါတယ်။ သို့ပါ၍ လက်တလောအားဖြင့်တော့ စိုက်ပျိုးရေးအတွက် အထွက်နှုန်းတိုးတက်စေဖို့ အဓိကသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေသြဇာကို သင့်တင့် သက်သာသောဈေးနှုန်းဖြင့် တောင်သူလယ်သမားများ လက်ဝယ်သို့ရောက်ရှိရန် ဖြန့်ဖြူးရောင်းချပေးသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရန်အဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တာကြောင့် ပြည်တွင်းအဓိကစားသုံးသီးနှံဖြစ်တဲ့ စပါးနှင့်နိုင်ငံခြားဝင်ငွေရရှိနေတဲ့ ပဲမျိုးစုံ တို့ကို ပိုမိုထုတ်လုပ်ရောင်းချနိုင်အောင် ဦးစားပေးစီမံကြပ်မတ်သွားရမှာ ဖြစ်ပါတယ်။ စပါးနဲ့ ပဲမျိုးစုံ တို့ကို တိုးတက်ထုတ်လုပ်ရောင်းချနိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်

သကဲ့သို့ တောင်သူလယ်သမားအတွက်လည်း ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားရေးဘဝများမြင့်မား တိုးတက်လာမှာ ဖြစ်ပါတယ်။ စပါး၊ ပဲမျိုးစုံ၊ သီးနှံများကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အထွက်ကောင်းတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးရမှာဖြစ်သော်လည်း အဓိကသွင်းအားစုဖြစ်တဲ့ ဓာတ်မြေဩဇာများကိုလည်း လုံလောက်ပြည့်ဝစွာအသုံးပြုထည့်ဝင်သွားရမှာလည်း အထူးလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အဓိကသွင်းအားစုဖြစ်တဲ့ ပုလဲဓာတ်မြေဩဇာ(ခ)ယူရီးယား၊ သာဂူစေ့ ဓာတ်မြေဩဇာ (ခ)တီစူပါစတဲ့ ဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူး ရောင်းချပေးရေးအဆိုပေါ် ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းတဲ့အဆိုကို ၉-၉-၂၀၁၁ ရက်၊ သောကြာနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်း မှာ ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလွန်းသီ(ကွမ်းခြံကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြမည့်အဆိုမှာ ဆန်စပါးစိုက်ပျိုးမြေနှင့် ပတ်သက်သော မူဝါဒထားရှိသင့်ကြောင်း အဆိုပြုချက်ဖြစ်ပါတယ်။

ကျွန်တော့်အဆိုအား စာဖြင့်ဖတ်ကြားတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ မြန်မာနိုင်ငံသည် ဆန်ကိုအဓိကစားသုံးသော နိုင်ငံတစ်နိုင်ငံဖြစ်၍ ဆန်စပါးစိုက်ပျိုးမြေနှင့် ပတ်သက်သောမူဝါဒများကို ချမှတ်ကျင့်သုံးဆောင်ရွက်သင့်ပါတယ်။ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းရိက္ခာဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန် မြေဧရိယာကို အနည်းဆုံးဟက်တာ လေးသန်းထားရှိရန် မြေယာမူဝါဒ ချမှတ်ထားရှိပါတယ်။ မြန်မာနိုင်ငံတွင်လည်း လက်ရှိအခြေအနေအရ မိုးစပါးဧက ၁၇ သန်းခန့်၊ နွေစပါးဧက ၃ သန်းခန့် စုစုပေါင်းဧက ၂၀ သန်းခန့် စိုက်ပျိုးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထွက်ရှိမှု ပြည်တွင်းစားသုံးမှုနှင့် အရန်ရိက္ခာထားရှိမှုတို့ကို မြေဧရိယာအခြေအနေ၊ တိုးတက်လာမည့်လူဦးရေအခြေအနေတို့အရ စနစ်တကျတွက်ချက်၍ စပါးစိုက်ပျိုးရမည့်ဧရိယာ

သတ်မှတ်ချက်ကိုမူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်ထားရှိရန် လိုအပ်ပါတယ်။ တစ်ဖက်မှာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရန် နိုင်ငံတော်က မြို့ရွာလူနေအိမ်ခြေများ တိုးချဲ့တည်ဆောက်ခြင်း၊ စက်ရုံကြီးများ အသစ်တည်ဆောက်ခြင်း၊ စီမံကိန်းကြီးများ တည်ဆောက်ခြင်း တို့အတွက် မြေများသိမ်းဆည်း၍ ဆောင်ရွက်နေရသည်ရှိရာ လယ်မြေများကို အတတ်နိုင်ဆုံး ရှောင်ရှား၍ မြေသိမ်းဆည်းဆောင်ရွက်သင့်ပါတယ်။ မြန်မာနိုင်ငံ၏ အဓိကသီးနှံဆန်စပါးစိုက်ပျိုးရေးကို အလေးထား၍ သတ်သတ်မှတ်မှတ် စီမံဆောင်ရွက်မှသာ ပြည်တွင်းစားသုံးရန် စားနပ်ရိက္ခာဖူလုံပြီး အရန်ရိက္ခာလည်း ထားရှိနိုင်မည့်အပြင် ပိုလျှံရိက္ခာဆန်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိနိုင်မှုကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စပါးစိုက်ပျိုးရမည့် ဧရိယာ(မိုးစပါး၊ နွေစပါး)ကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း အဆိုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ တင်သွင်းသွားတဲ့ ဆန်စပါးစိုက်ပျိုးမြေနဲ့ပတ်သက်သော မူဝါဒထားရှိသင့်ကြောင်းအဆိုတင်သွင်းမှုကို ထောက်ခံအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကွမ်းခြံကုန်းမဲဆန္ဒနယ်က ဦးလွန်းသီတင်သွင်းတဲ့အဆိုကို နက်ဖြန် ၉-၉-၂၀၁၁၊ သောကြာနေ့ အစည်းအဝေးမှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုသူများ ဒီနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။ နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီးခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁း၁၀ နာရီတွင် ပြန်လည်စတင်ပါမည် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီနေ့ နေ့လယ်ပိုင်း ထမင်းသုံးဆောင်စဥ်မှာ တချို့နောက်က ကျွန်တော်ပြောတဲ့ စကားကို မသဲမကွဲဖြစ်တယ်၊ လုံးနေတယ်လို့ပြောပါတယ်။ ဒီဘက်ကတာဝန်ရှိတဲ့အဖွဲ့များ မိုက်လည်း ပြန်ပြင်ပေးဖို့ မေးလိုက်ပါတယ်။ ကျွန်တော့်အသံပြောတာကို ကြားလားဆိုတော့ အပြင်မှာတော့ ကြားတယ်။ မိုက်ထဲကဆို မကြားဘူးတဲ့။ ကျွန်တော် ပြန်ပြီးတော့ ဒါ ကြည့်ပေးရပါတယ်။ ဒါလည်း တာဝန်ရှိတဲ့သူနဲ့ ပြန်ညှိပေးပါမယ်။ သတ်သတ်စမ်းပေးပါ။ ဆက်လက်ဆောင်ရွက်မယ့် အစီအစဥ်ကတော့ မနေ့ကပြောခဲ့တဲ့ ခေသူမဟုတ်ကချင်ပြည်နယ်ကတော့ စကားတော်တော် တတ်တယ်၊ ခေသူမဟုတ်ကတော့ ဒီနေ့ကျတဲ့ အခါကျတော့ ဆက်ပြီးဆွေးနွေးမှာပေါ့လေ။ ခေသူမဟုတ် ဒီလိုရွှေ့လာတဲ့ အကြောင်းကလည်း မနေ့က ကျွန်တော့်ကတော့တစ်ခုပဲထင်တာ ဘာလဲဆိုတော့ ယဥ်ကျေးမှုဝန်ကြီး ဌာနက လာပြီးဖျော်ဖြေတာ ဆဒ္ဒန်ဆင်မင်းနဲ့ လာဖျော်ဖြေတယ်။ ဒါပေမယ့်လို့ နောက်မှာ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်၊ ဥက္ကဋ္ဌတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတွေက ပြောတာမဟုတ်ပါဘူးတဲ့။ ဥက္ကဋ္ဌကြီးတဲ့ မနေ့က ဆင်နှစ်ကောင် မဟုတ်ပါဘူးတဲ့၊ ဆင်လေးကောင်ပါတဲ့။ ဘာဖြစ်လို့လည်းဆိုတော့ ငပုတောကလည်း ဆင်တွေပါ ပါသေးတယ်တဲ့။ ငပုတောဆိုတော့လည်း ငပုတောကကြားလား မသိဘူး။ ခုနက မကြားဘူးဆိုတာ ဒါဖြင့် နားကြောင့်များ ဖြစ်မလားမသိဘူး။ ဒါကြောင့်မို့လို့ အဲလိုပဲ ဒီနေ့လည်း ကျွန်တော်တို့ အစီအစဥ်လေး ရွှေ့ဆိုင်းဖို့ရှိပါတယ်။ ဒါတခြားမဟုတ်ပါဘူး။ ကျွန်တော်တို့ ရပ်ကွက်နဲ့ကျေးရွာ အုပ်ချုပ်ရေးမှူးများရဲ့ ဥပဒေကြမ်းဟာ တစ်နိုင်ငံလုံးစိတ်ဝင်စားတဲ့ ဥပဒေကြမ်းတစ်ခု ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဒီနေ့မှာစပြီးတော့ ဆွေးနွေးဖို့လျာထားသတ်မှတ်ခဲ့ပါတယ်။ သို့ရာတွင် ဒီနေ့ တဖက်ကနေပြန်လှန်ဆွေးနွေးမယ့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဘက်အခြမ်းကို မေးကြည့်တဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ် များရဲ့ ပြင်ဆင်ချက်ဆွေးနွေးမှုတွေ မနေ့ကညနေပိုင်းမှာ သူတို့ဆီ ရောက်ပါတယ်။ ရောက်တဲ့ အချိန်မှာလည်း နောက်ကျသလိုပေါ့။ ပြည်ထောင်စုဝန်ကြီးကလည်း ခရီးက ညရှစ်နာရီမှ ပြန်ရောက်တဲ့အတွက် ဒီဆွေးနွေးမှုကို ဒီနေ့လုပ်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနအတွက် ပြန်လည်ဖြေကြားဖို့ ပြောမယ်ဆိုလို့ရှိရင် Defence လုပ်ဖို့အတွက်

နည်းနည်းလေး အခက်အခဲရှိပါတယ်။ အချိန်လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဒီနေ့မဆောင်ရွက်ဘဲနဲ့ လာမယ့်တနင်္လာနေ့ဆိုတော့ ၁၂ ရက်နေ့ ရွှေ့ဆိုင်းပါတယ်။ အဲဒီအခါကျတော့မှ ဒီဥပဒေနဲ့ပတ်သက်လို့ ဆက်ပြီးဆွေးနွေးပါမယ်။ ဒီနေ့တော့ ကျန်တဲ့အစီအစဉ်များအတိုင်း ဆောင်ရွက်ပြီးတော့ အချိန်ပိုတယ်ဆိုလို့ရှိရင်တော့ ခုနက ဖွဲ့စည်းပေးထားတဲ့ သက်ဆိုင်ရာကော်မတီများလည်း ကိုယ့်ကော်မတီနဲ့ ကိုယ်ပြောစရာ၊ ဆိုစရာတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါတွေ ဆက်ပြီးတော့ဒီရုံးချိန်မှာ ဆောင်ရွက်နိုင်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ဘက်က ကော်မတီများဖွဲ့ စည်းပေးထားသော်လည်းနေရာထိုင်ခင်း၊ အခန်းနေရာတွေ မသတ်မှတ်ပေးနိုင်သေးခြင်း၊ အခန်းထဲမှာလည်း လိုအပ်မယ့်ရုံးသုံးကိရိယာများ၊ ရုံးသုံးစာရွက် စာတမ်းများ မဆောင်ရွက်ပေးနိုင်ခြင်းပြီးတဲ့အခါမှာ ဒီကော်မတီကို အထောက်အကူ Staff တွေလည်း ကျွန်တော်တို့ ဖြည့်ဆည်းပေးဖို့လိုပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ဆီမှာ အသင့်မရှိသေး ပါဘူး။ မရှိရတဲ့ အကြောင်းကလည်း ဒီလွှတ်တော်ဆိုင်ရာဖွဲ့စည်းမှုနဲ့ပတ်သက်လို့ စိတ်မှန်းနဲ့ပဲ ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့ ဒီစိတ်မှန်းကလည်း ဘယ်မှာအခြေခံလည်းဆိုတော့ ပြီးခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရတုန်းကပါလီမန်ပုံစံနဲ့ ပဲစဥ်းစားထားတဲ့အခါမှာ ဒီနေ့ကျွန်တော်တို့လွှတ်တော်ဟာ အဲဒီပုံစံမျိုးမဟုတ်ဘဲနဲ့ အနီးစပ်ဆုံး ပြောမယ်ဆိုရင်တော့ အမေရိကန် ကွန်ဂရက် လွှတ်တော်ပုံစံမျိုးနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အမေရိကန်နဲ့ ထူးခြားတာတစ်ခုကတော့ အမေရိကန်သမ္မတ ဒါ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆိုင်ပါတယ်။ အမေရိကန်သမ္မတကိုပြည်သူက တိုက်ရိုက်ရွေးတာဖြစ်ပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကျွန်တော်တို့ လွှတ်တော်ကနေပြီး တော့သမ္မတကိုရွေးချယ်တာ ဖြစ်ပါတယ်။ ဒါကလွဲလို့ ကျန်တဲ့လွှတ်တော်ရဲ့ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်တွေက ပြောမယ်ဆိုရင်အမေရိကန်နဲ့ နီးစပ်ပါတယ်။ တထပ်ထဲနီးစပ်ပါတယ်။ ဒါကြောင့်မို့လို့ အဲလိုဖွဲ့စည်းပေမယ်လို့ မူလစဥ်းစားလုပ်ဆောင် ခဲ့တာကတော့ ပါလီမန်ခေတ်က ဖွဲ့စည်းမှုပုံစံမျိုးနဲ့ စဥ်းစားခဲ့တဲ့အတွက် ခုနက ကော်မတီတွေ၊ ကော်မတီတွေရဲ့ Staff တွေအတွက် စဥ်းစားဆောင်ရွက်ခဲ့ တာမရှိတဲ့အတွက် လောလောဆယ် ကော်မတီတွေ ဖွဲ့စည်းပြီးသော်လည်းရှိတဲ့ Staff ကို ပဲခွဲပြီးတော့ နှစ်ယောက်နှုန်းတော့ လျာထားသတ်မှတ်ထားပါတယ်။ ဒါနှစ်ယောက်နဲ့ ဘယ်လိုမှ မလုံလောက်နိုင် ပါဘူး။ ကော်မတီတွေမှာ တာဝန်တွေအများကြီးပါ။ တာဝန်တွေအများကြီးလိုပဲ လုပ်ပိုင်ခွင့်တွေလည်း အများကြီး ရှိပါတယ်။ ဒီတာဝန်၊ လုပ်ပိုင်ခွင့်တွေကို ထမ်းဆောင်မယ်ဆိုလို့ရှိရင် Staff ရယ် ပြီးတဲ့အခါမှာ ဆိုင်ရာ၊ ဆိုင်ရာဘာသာအလိုက်လိုအပ်မယ့် တချို့အရည်အချင်းတွေလည်း ရှိကောင်း ရှိပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်သီးခြား ဥက္ကဋ္ဌကြီးများကို မတွေ့တော့ဘဲနဲ့ တကယ်လို့

ကိုယ့်ကော်မတီမှာ ကိုယ့်ကော်မတီနဲ့သက်ဆိုင်တဲ့ Staff ထဲမှာခန့်အပ်လိုတဲ့၊ ခန့်အပ်နိုင်တဲ့ အရည်အချင်းရှိသူများကိုလည်း ကော်မတီအလိုက်ပေါ့လေ။ ဥက္ကဋ္ဌများကအနေနဲ့ စိစစ်ပြီးတော့ လွှတ်တော်ကိုတင်ပြမယ်ဆိုရင် သူတို့ကို ကျွန်တော်တို့က နေရာခန့်ထားရေးအတွက်ပါ ကျွန်တော်တို့ စဉ်းစားပြီးဆက်လက် ဆောင်ရွက်ပါမယ်။ ဒါမှသာ ကော်မတီများ၊ ကော်မတီအလိုက် တာဝန် ထမ်းဆောင်တဲ့ အခါမှာကိုယ့်ကို အထောက်အကူပြုမယ့် Staff ကောအဲဒီ Staffထဲမှာလည်း ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တဲ့သူများရှိတယ် ဆိုလို့ရှိရင်လည်း ကော်မတီအတွက် များစွာ အဆင်ပြေမည် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော်တင်ပြခဲ့သလို ဒီနေ့တော့ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ရေးဆွဲတင်ပြခဲ့တဲ့ ဒါလည်း ပြည်ထဲရေးဝန်ကြီးဌာန ဆိုပေမယ့် လည်းပြည်ထဲရေးဝန်ကြီးဌာနတင် မဟုတ်ဘဲနဲ့ အစိုးရအဖွဲ့ကို တင်ပြီး၊ အစိုးရအဖွဲ့ကနေပြီးတော့ တင်ပြလိုက်တဲ့ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ပထမ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ဆွေးနွေးပြီးပါပြီ။ ပြီးတဲ့အခါမှာ မှတ်ချက်တွေရေးသားပြီး တော့ လည်းပြောပြီးပါပြီ။ အဲဒီပြောပြီးတဲ့နောက်ပိုင်းမှာ ဒီနေ့ကတော့ မူလဆွေးနွေးဖို့ ကျွန်တော်တို့ လျာထားသတ်မှတ်ထားပါတယ်။ သို့ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနက ဒါနဲ့ပတ်သက်လို့ သူတို့ဘက် ကလည်း Defence ပြန်လုပ်စရာတွေလည်း ရှိကောင်းရှိပါမယ်။ ဘယ်အချက်တွေမှာ Defence လုပ်ရမလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေ ကနေပြီးတော့ ဒီအချက်တွေကို ပြင်ဆင်ပါမယ်။ ပြင်ဆင်ချက်တွေဆွေးနွေး ပါမယ်ဆိုတဲ့ဟာ ပေါ်မူတည်ပြီးတော့ မူလပြုစုတင်ပြထားတဲ့ ဥပဒေကြမ်းနဲ့ နောက်ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးထားတဲ့ ဆွေးနွေးချက်တွေရယ် အခုလွှတ်တော်ကိုယ်စားလှယ်များ အသီးသီးက တင်သွင်းထားတဲ့ ဆွေးနွေးချက်တွေပေါ် မူတည်ပြီး တော့ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ပြန်လည်တင်ပြရမယ့် အဆိုမျိုးရှိတဲ့အတွက် ဒီနေ့တော့ ဝန်ကြီးဌာနအတွက် အသင့်မဖြစ်နိုင်တဲ့အတွက် ဝန်ကြီးကိုလည်း မေးပါတယ်။ ဘယ်ရက်မှာ အသင့်ဖြစ်မလဲဆိုတော့ လာမယ့်တနင်္လာနေ့မှာ အသင့်ဖြစ်ပါမယ်ဆိုတဲ့အတွက် ဒီအစီအစဉ်ကို တနင်္လာနေ့ကို ရွှေ့သွားပါမယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်မှာ ပိုထွက်လာတဲ့ အချိန်ကတော့ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ကော်မတီများ ကိုယ့်ကော်မတီနဲ့ ကိုယ်ဆက်လက် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးလည်း မိမိဒါအတွက် လေ့လာဖို့ဆိုလို့ရှိရင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး၁၂ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေး ကောလိပ်၊

သားဖွားဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင်ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချက်ဖြင့်ဒေသခံများအားအထူးဦးစားပေးတက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေး အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ တကယ်တော့ တင်သွင်းတာခုနှစ်ဦးဖြစ်ပါတယ်။ မနေ့က ပြည်နယ်နှစ်ခုက နှစ်ယောက်ဖြစ်နေတဲ့အတွက် တစ်ယောက်ပဲအချိန်ပေါ်မူတည်ပြီးတော့ပေးတဲ့အခါမှာ အခုငါးဦး ပြန်ဖြစ်သွားပါတယ်။ ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ ခညောင်းပါစေကြောင်း ပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ အဆိုပြုတင်ပြထားသော ဝေးလံခက်ခဲသောတောင်ပေါ် ဒေသများမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိသည့်သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်း ရမှတ်ကိုလျှော့ပေါ့ စဉ်းစားပေးပြီး၊ မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် ဒေသခံများအား အထူးဦးစားပေး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုနိုင်စေရေး အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ နိုင်ငံမှာသဘာဝအရင်း အမြစ်ကောင်းဖြစ်တဲ့တောတောင်လျှိုမြောင်ချိုင့်ဝှမ်းများ ပေါများသလိုညီညာပြန့်ပြူးတဲ့ မြေပြန့်လွင်ပြင်များလည်း ပေါများပါတယ်။ သို့ဖြစ်၍မြေပြန့်တွင် လမ်းပန်းဆက်သွယ်ရေးအရ အချိန်တိုတောင်းစွာ ခရီးသွားလာနိုင်ခဲ့သော်လည်း လျှိုမြောင်ချိုင့်ဝှမ်းများပြားပြီး ဆက်သွယ်ရေးအရ ရိုးမတောင်တန်းကြီးသို့ ခရီးသွားလာရာမှာ အချိန်ကြန့်ကြာပြီး ခရီးနှေးကွေးမှုတွေဖြစ်ပေါ်ရပါတယ်။ သို့ဖြစ်ပါ၍လမ်းပန်း ဆက်သွယ်ရေးခက်ခဲသောဒေသများမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စတဲ့ကိစ္စများဟာ အခြားဆက်သွယ်မှုမကောင်းတဲ့ ဒေသများနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် နောက်ကျနေသေးတာကို လေ့လာတွေ့ရှိရပါတယ်။ ဒေသအတွက် အထောက်အကူများစွာပြုစေတဲ့ အချို့

ပညာရေးဆရာ/ဆရာမများ၊ ကျန်းမာရေးဆရာဝန်/ဆရာမများဟာ ဝေးလံတဲ့တောတောင်၊ တောင်ပေါ်ဒေသများသို့ လာရောက်တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးပြပြီးပျက်ကွက်မှုရှိသလို တာဝန်ထမ်းဆောင်ရန် လာရောက်တဲ့အခါမှာလည်း တစ်နှစ်၊ နှစ်နှစ်အတွင်းပြောင်းရွှေ့ဖို့ မိမိရဲ့အစီအစဥ်နဲ့ ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါတယ်။ သို့သော် လစ်လပ်ဟာကွက်များကို ဖြည့်တင်းနိုင်စေရန်ဒေသခံ တိုင်းရင်းသားပြည်သူ့ရင်ဖွားပညာတတ်များ ပိုမိုထွန်းကားပြီး ဒေသရဲ့အကျိုးကို ပြန်လည်တာဝန်ထမ်းဆောင်ပေးမှသာလျှင် လိုအပ်လျက်ရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အားကြိုးမာန်တက် ဆောင်ရွက်ပေးခြင်းဖြင့်များစွာ အထောက်အကူပြုစေမှာဖြစ်ပါကြောင်း ယုံကြည်မိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်အနှံ့ ဝေးလံပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းသေးသော ဒေသများမှာနေထိုင်ကြတဲ့ ဒေသခံကျောင်းသူ/ကျောင်းသားများဟာ ဘာသာစကားအားနည်းမှု၊ ဆရာ/ဆရာမများ တာဝန်ထမ်းဆောင်ရန် အားနည်းမှု၊ မိဘများရဲ့ပညာရေး အားပေးအသိအမြင်နည်းပါးမှု စီးပွားရေးအခက်အခဲ စတဲ့အခက်အခဲအမျိုးမျိုးကြားမှ ပညာကို ခဲရာခဲဆစ်သင်ယူကြရပါတယ်။ ကျွန်တော်နေထိုင်သော တောင်ပေါ်ဒေသမှာ ၁၀ တန်းလို့ခေါ်တဲ့ တက္ကသိုလ်ဝင်တန်း လုံးဝမအောင်မြင်တဲ့ စာစစ်ဌာနများရှိသလို အောင်ချက်နည်းတဲ့စာစစ်ဌာနများ အများအပြားရှိပါသေးတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ချင်းပြည်နယ်ကလွဲပြီး ရှမ်းပြည်နယ် အရှေ့ပိုင်းက ဒုတိယအမှတ်နောက်အကျဆုံးနေရာကနေ အောင်ချက်ရှိနေတာကို တွေ့ရပါတယ်။ တချို့ ၁၀ တန်းကို အောင်မြင်သော်လည်း ရမှတ်နည်းတဲ့အတွက် သတ်မှတ်ထားတဲ့ပညာရေး ကောလိပ်၊ သူနာပြုသင်တန်းဝင်ခွင့်စတဲ့ ဝင်ခွင့်ရမှတ်များ မမီတဲ့အတွက် ပညာသင်ကြား ခွင့်မရှိသည်ကိုလည်း ဒါတွေ့ရှိရပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအကျိုးကို ဆောင်ရွက်လိုသော်လည်း သတ်မှတ် ထားတဲ့ ၁၀ တန်းရမှတ်များမမီတဲ့အတွက် အဆိုပါသင်တန်းကို သင်ကြားခွင့်မရရှိ၍ ဖွံ့ဖြိုးတိုးတက်မှုနှင့် တာဝန်ထမ်းရွက်လိုမှုများ အားနည်းခဲ့ရကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ဝေးလံခက်ခဲသော တောင်ပေါ်ဒေသ ကျောင်းသူ/ကျောင်းသားများအား သတ်မှတ်ထားသော တက္ကသိုလ်ဝင်တန်း ရမှတ်ပေါင်းကို လျှော့ပေါ့စဥ်းစားပြီးကတိခံဝန်ချုပ်နှင့် မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသောစနစ်ဖြင့် လိုအပ်လျက်ရှိသည့် ပညာရေးကောလိပ် ဆရာ/ဆရာမများ၊ သူနာပြုဝမ်းဆွဲစသည့်သင်တန်းများသို့ အထူးဦးစားပေး၍ တက်ရောက်နိုင်စေရေးအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစီခန်ရမ်(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လံဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစီခန်ရမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်ဂျန်းယန်မြို့နယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းခဲ့သော ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်း ရမှတ်ကို လျှော့ပေါ့ စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက်ဖြင့် ဒေသခံများ အား အထူးဦးစားပေး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုနိုင်စေရေးအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ဝေးလံသောတောင်ပေါ်ဒေသ၊ ကျေးလက်တောရွာများအထိ စာသင်ကျောင်းများဖွင့်လှစ်ပေးပြီးတိုင်းရင်းသားလူငယ် များပညာရည် မြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်က တောင်ပေါ်မြေပြန့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ သော်လည်း အခက်အခဲအတားအဆီးအမျိုးမျိုးကြောင့် ဝေးလံဒေသရှိ လူငယ်များပညာအရည်အချင်း နိမ့်ကျရခြင်းဖြစ်ပါတယ်။ အကြောင်းအရင်းများကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဆရာအင်အား မပြည့်စုံခြင်း၊ ဘာသာရပ်ဆရာမပြည့်စုံခြင်း၊ ဝါရင့်ဆရာ နည်းပါးခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ သင်ထောက်ကူ ပစ္စည်းမပြည့်စုံခြင်း၊ မိဘများရဲ့ထောက်ပံ့အားပေးမှုနည်းပါးခြင်း၊ ပြိုင်ဆိုင်မှု အားနည်းခြင်းနှင့် အကြားအမြင်အတွေ့အကြုံစတဲ့ ပတ်ဝန်းကျင်အခြေအနေမပေးမှုတို့ကြောင့် ကျောင်းသားအရည်အချင်းနိမ့်ကျပြီး တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်များနည်းရခြင်းနဲ့ အောင်ချက် နည်းရခြင်း ဖြစ်ပါတယ်။ ပင်ကိုယ်အရည်အချင်းမရှိ၍ ဉာဏ်ရည်နိမ့်ကျ၍မဟုတ်ပါ။ မွေးချင်း ညီအစ်ကိုများ၌ပင် ပတ်ဝန်းကျင်ကောင်းသော မြို့ကြီးများမှာ ကျောင်းနေကြတဲ့လူငယ်တစ်ချို့သည် လေးဘာသာ၊ ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးများ ရရှိသည်ကို တွေ့ရပါတယ်။ ဝေးလံခက်ခဲသော ဒေသများတွင် နှစ်ဘာသာ၊ သုံးဘာသာဂုဏ်ထူးရှင်တွေ အမြင့်ဆုံးအဆင့်၌ ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ခက်ခဲသော ဒေသမှ ၁၀ တန်း အောင်မြင်တာကို မိဘများက ဝမ်းသာကျေနပ်ကြပါတယ်။ စာမေးပွဲအောင်ရင် အလုပ်ကောင်းရလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံဒေသရှိလူငယ်များဟာ တက္ကသိုလ်ဝင်အောင်မှတ်နည်းခြင်းကြောင့် အသက်မွေးဝမ်းကျောင်း

တက္ကသိုလ်ပညာရပ်များဆည်းပူးခွင့် အခွင့်အလမ်းမရရှိကြပါ။ ဒေသအတွက် မရှိမဖြစ်လိုအပ်သော ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများမွေးထုတ်ရာမှာလည်း တစ်ပြည်လုံးအတိုင်းအတာအရ အရည်အချင်း သတ်မှတ်ချက်နဲ့ ရွေးချယ်ပါက ဒေသခံလူငယ်များအတွက် အခွင့်အလမ်းနည်းပါးလာပါတယ်။ ဒါကြောင့် မိမိဒေသနဲ့ဒေသခံပြည်သူများကို ချစ်မြတ်နိုး၍ လုပ်ငန်းစိတ်ဝင်စားသော ဒေသခံလူငယ်၊ မောင်မယ်များ မွေးထုတ်နိုင်ရေးအတွက် ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဥ်းစားပေးပြီး မိမိဒေသတွင် နှစ်အကန့်အသတ်ဖြင့် အမှန်တကယ် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချုပ် ထားရှိကာ ပညာရေးကောလိပ်၊သားဖွားဆရာမနှင့် သူနာပြုသင်တန်းများသို့ တက်ရောက်ခွင့်ပြုနိုင် ရေးအတွက် အထူးဦးစားပေး စဥ်းစားပေးသင့်ကြောင်း ဒေါ်ဒွဲဘူတင်သွင်းသောအဆိုကို ထောက်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူအဆိုတင်သွင်းတဲ့ ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိတဲ့ သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်း ရမှတ်ကို လျှော့ပေါ့စဥ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေးအဆိုအပေါ် ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ နိုင်ငံမှာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟမှုနည်းနိုင်သမျှ နည်းပါးအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျ တဲ့ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အထူးဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝေးလံခက်ခဲတဲ့တောင်ပေါ်ဒေသများမှာ နယ်မြေခံတိုင်းရင်းသားများ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရန် အထူးဦးစားပေးတဲ့ အစီအမံများကိုလည်း ဆောင်ရွက်ပေးစေလိုပါတယ်။ ဝေးလံခက်ခဲတဲ့ တောင်ပေါ်

ဒေသမှကျောင်းသား၊ ကျောင်းသူများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့်သူနာပြုအစရှိတဲ့ သင်တန်းများအပါအဝင် အချို့သင်တန်းများမှာ သတ်မှတ်ထားတဲ့ ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဉ်းစား ပေးပြီး ဆက်လက်ပညာဆည်းပူးသင်ကြားခွင့်များ ဦးစားပေးစေလိုတဲ့ဆန္ဒဒေသခံများက လိုလားကြပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုလိုအပ်နေသေးတဲ့ တောင်ပေါ် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည့် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ သင်တန်း များတွင် ကန့်သတ်သတ်မှတ်ချက်များကို လျှော့ပေါ့စဉ်းစားပေးပါရန်နှင့် ကချင်ပြည်နယ်၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မကလည်း ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အတွင်း ၁၇-၈-၂၀၁၁ ရက်နေ့က အဆိုတစ်ခုတင်သွင်းခဲ့တာဟာ ဒေါ်ဒွဲဘူ တင်ထားတဲ့အဆိုတစ်ခုနဲ့ တစ်သဘောတည်းဖြစ်နေတဲ့အတွက် ဒေါ်ဒွဲဘူ တင်သွင်းခဲ့တဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတဦးဆောင်ပြီး ချမှတ်ပေးထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များမှ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ကျေးလက်ဒေသလမ်းပန်း ဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစသည်များ ပါဝင်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှာလည်း ကော်မတီများ ဖွဲ့စည်းခဲ့ပြီးတော့ အထောက်အကူပေးမည့် Action Plan များ ချမှတ်ပေးပြီး ဖြစ်ပါတယ်။ လုပ်ငန်းနာမည်တစ်ခုစီမှာလည်း Action Plan တစ်ခုစီဖြင့် စီမံဆောင်ရွက်မယ်ဆိုတာ ကြားသိရတော့ အလွန်တစ်ရာမှလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ရှင့်။ ကျွန်မ၏မဲဆန္ဒနယ်

ဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ပြည်သူများနှင့် ဆုံတွေ့ခဲ့စဉ်က ကျေးလက်ဒေသခံများရဲ့ အဖြစ်မှန် အများစုမှာဆိုရင် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍ မပြည့်စုံမှုများပဲဖြစ်ပါတယ်ရှင်။ ဥပမာပြောရမယ်ဆိုရင် စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမ အချိုး မညီမျှခြင်း၊ အခြေခံကျန်းမာရေးကို အထောက်အကူပြုတဲ့ ကျန်းမာရေးဝန်ထမ်းများမရှိကြခြင်းပဲ ဖြစ်ကြပါတယ်ရှင်။ ဒါကြောင့် အဖြစ်မှန်ကိုအခြေခံ၍ လက်တွေ့ကျကျ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်းကို တွေ့ရှိခဲ့ရပါသဖြင့် ကျွန်မအနေနဲ့ ရသေ့တောင်မြို့နယ်ရှိ ကျေးလက်များကဲ့သို့ ဝေးလံခက်ခဲတဲ့ တောင်ပေါ်ဒေသများနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဆင်းရဲနွမ်းပါးမှုများတဲ့ ဘဝတူမြို့နယ်များရှိ ကျေးလက်ဒေသများမှ ကျေးလက်နေပြည်သူ များ၏ ဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်အား အထောက်အကူ ပြုရန်အတွက်လည်းကောင်း၊ ထောက်ခံဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရခိုင်ပြည်နယ်အကြောင်းကို နည်းနည်းတော့ တင်ပြချင်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ မြစ်၊ ချောင်း၊ တော၊ တောင် ထူထပ်သောမြို့နယ်များ ဖြစ်ကြပါတယ်။ မြစ်၊ ချောင်း၊ တော၊ တောင်များကို အခြေပြုနေထိုင်ကြတဲ့ ရခိုင်ပြည်နယ်ရဲ့ ကျေးလက်ကျေးရွာများဟာ တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးပြီး သွားရေးလာရေး အလွန်ခက်ခဲလှပါတယ်။ အထူးသဖြင့်ဆိုရင် ရခိုင် ဒေသမှာ မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းတဲ့ ရာသီဥတုဒဏ်များအပြင် မုန်တိုင်းကာလများကိုပါ ကြုံတွေ့ ရင်ဆိုင်ရတဲ့အတွက် မိုးတွင်းရာသီမှာ စာပေသင်ကြားရတဲ့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အခက်အခဲများ ကျန်းမာရေးကိစ္စ အရေးပေါ်ဖြစ်လာလို့ရှိလျှင်လည်း မြစ်ချောင်းများမှာဆိုလို့ရှိရင် လှေ၊ သမ္ဗာန်များကို အသုံးပြုသွားလာရတဲ့အတွက်ကြောင့် လက်ရှိ ကြုံတွေ့ခံစားနေရတဲ့ ပြဿနာကတော့ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများပဲ ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်ရှင်။ ထို့အတူပဲ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိသော တခြားသော သွေးချင်းသားချင်းများ ရဲ့ ဒေသများမှာလည်း သင်ကြားရေး ဆရာ၊ ဆရာမများ လုံလောက်မှုမရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှုမရှိခြင်းများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်းကိုလည်း ကြားသိနေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့် ဒီလို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပညာရေးအခက်အခဲများ၊ ကျန်းမာရေး အခက်အခဲများ ပြေလည်စေနိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာများတွင် ပညာရှင်ဝန်ထမ်းရှားပါးသော ကျေးလက်ဒေသများတွင် သင်ကြားလေ့ကျင့်ပေးရန် ရည်ရွယ်ပြီးတော့ သူနာပြုကောလိပ်၊ သားဖွားဆရာမ၊ သူနာပြုကျောင်းစသည်များကို ပြည်နယ်၏အဓိကလိုအပ်ချက်

အဖြစ် ဦးစားပေး၍ ပြည်နယ်ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးများမှ ဒေသခံကျောင်းသား၊ ကျောင်းသူများကို ဝင်ခွင့်ပြုလျှင် သင့်မြတ်မည်ဟု ယူဆမိပါတယ်ရှင့်။ ၎င်း ကျောင်းသားများဘွဲ့ရပြီး သင်တန်းပြီးတဲ့အချိန်မှာ တာဝန်ထမ်းဆောင်ရန်အတွက် ကတိခံဝန်ချက်ဖြင့် တာဝန်ထမ်းဆောင်စေခြင်းဖြင့် ဒေသခံပြည်သူများအတွက်လည်း ကောင်းမွန်ပြီးတော့ လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဝေးလံခေါင်သီမှုကြောင့် တာဝန်ကျရာတွင် မပျော်ပိုက်ကြသော ဝန်ထမ်းများအတွက်ပါ များစွာအဆင်ပြေချောမွေ့သွားစေမှာ ဖြစ်တယ်လို့ ထင်မြင်မိပါတယ်ရှင့်။ သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ်နေသော ဒေသများ၌ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးနိုင်ပါရန်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကချင်ပြည်နယ်ရှိ တောင်ပေါ်ဒေသများတွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဝေးလံခက်ခဲသော ဒေသများမှ ၁၀ တန်းအောင် ကျောင်းသား၊ ကျောင်းသူများကို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဦးစားပေး အစီအစဉ်အဖြစ် ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုသင်တန်းတက်ရောက်ခွင့်နှင့် ဒေသအလိုက် အလုပ်ခန့်ထားပေးနိုင်ရေးများကို အထူးအစီအစဉ်အဖြစ် ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန်အတွက် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးရှိုသီး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရှိုသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး လွှတ်တော်အကျိုး၊ လူထုအကျိုး ဆထက်ထမ်းပိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိုသီး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အကြီးအကဲများအနေဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်လာရေး၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရေးတို့အတွက် အဘက်ဘက်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျှက်ရှိနေသည်ကို ကျွန်တော်တို့ တိုင်းရင်းသားများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက နားလည်သဘောပေါက်

ဂုဏ်ယူကြိုဆိုရမှာ ဖြစ်ပါတယ်။ ယင်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သောအားဖြင့် ပြည်တွင်းသင်တန်းများ ရွေးချယ်ရာတွင် အမှတ်ကန့်သတ်ချက်စံနှုန်းထား၍ ရွေးချယ်ခေါ်ယူလေ့ကျင့်ပေးနေသည်ကို ဝမ်းမြောက်စွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော် မှီတင်းနေထိုင်လျက်ရှိရာ ရေမြေသဘာဝအနေအထား၊ ပတ်ဝန်းကျင်အနေအထား၊ အခြေအနေပေးမှုအနေအထား ကွဲပြားမှုရှိနေပါသေးသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲသည့် တောင်ပေါ်ဒေသတိုင်းရင်းသားများ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော ပညာရေး၊ ကျန်းမာရေးသင်တန်းများကို တောင်ပေါ်ဒေသမှ တိုင်းရင်းသားများသင်တန်း တက်ရောက်နိုင်ပြီး မိမိဒေသတွင် ပြန်လည်အကျိုးပြုနိုင်ရေးကို ဦးထိပ်ထားလျက် ၁၀ တန်းအောင် အရည်အချင်းတူစေပြီး သင့်လျော်သည့် လျှော့ပေါ့အမှတ်ဖြင့် တက်ခွင့်ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးသင့်ကြောင်း ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၏အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူရဲ့ ပညာရေးကဏ္ဍဆိုင်ရာအဆိုကို ကျွန်တော်ရှင်းလင်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၈ ခုနှစ်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအား သက်ဆိုင်ရာခရိုင်အလိုက် မူလတန်းပြ ရာထူးလစ်လပ်သည့် အခြေခံပညာကျောင်းများတွင် ဒေသခံဆရာ၊ ဆရာမများအဖြစ် ခန့်ထားနိုင်ရေး အတွက် ပညာရေးကောလိပ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ (D.T.Ed) သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသူသည် အသက် ၆၀ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်နိုင်သဖြင့် ခရိုင်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ဒေသခံများအနက် ဝိဇ္ဇာ၊ သိပ္ပံဘာသာတွဲအလိုက် စုစုပေါင်းရမှတ် မြင့်မားသူများကို ဦးစားပေး

ရွေးချယ်၍ တက်ရောက်ခွင့်ပြုလျက်ရှိပါတယ်။ သို့သော်ဝေးလံခက်ခဲသည့် တောင်ပေါ်ဒေသများမှ သင်တန်းဝင်ခွင့် လျှောက်ထားသူများအား တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကို အခြားသောခရိုင်များ၏ ရမှတ်အဆင့်ထက်လျှော့ပေါ့၍ တက်ရောက်ခွင့်ပြုထားပါတယ်။ ဥပမာအားဖြင့် ၂၀၀၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ လျှောက်ထားသူများအတွက် ရမှတ် ၂၆၀ နှင့်အထက်ရရှိသူများကို တက်ရောက်ခွင့် ပြုခဲ့ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ လျှောက်ထားသူများအား ရမှတ် ၂၈၀ နှင့်အထက် ရရှိသူများကိုသာ တက်ရောက်ခွင့်ပြုခဲ့ပါတယ်။ သင်တန်းသားအဖြစ် လျှောက်ထားသူဦးရေနည်းပါး သဖြင့် သင်တန်းသားရမှတ်ကို သင်တန်းသူရမှတ်ထက်လျှော့ပေါ့၍လည်း ရွေးချယ်ပါတယ်။ ၂၆၀ မှတ် ရရှိသူသည် ပျမ်းမျှတစ်ဘာသာလျှင် ၄၃.၃ မှတ်သာ ရရှိပါသည်။ ပညာရေးကောလိပ်တွင် ပထမနှစ် သင်တန်းအတွက် တက္ကသိုလ်ပထမနှစ်စာပေဘာသာရပ်များနှင့် မူလတန်းဆရာအတတ်ပညာများကို လေ့ကျင့်သင်ကြားပေးပါသည်။ ၂၀၁၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သင်တန်းကျောင်းမှတက္ကသိုလ်ဝင်စာမေးပွဲ ရမှတ် နိမ့်သူများအား အဆိုပါဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ လျှော့ပေါ့လက်ခံပေးခဲ့ပါသည်။ လက်ရှိ အခြေအနေထိ ခရိုင်အဆင့်လျှောက်ထားသူများ၏ ရမှတ်များကိုသာ ကြီးစဥ်ဇယားအရ ရွေးချယ်ခြင်း ဖြစ်သဖြင့် ဖွံ့ဖြိုးသည့်ခရိုင်ရုံးစိုက်ရာမြို့နယ်မှ အောင်မြင်သူများသည် အဆိုပါခရိုင်အတွင်းရှိ ခက်ခဲသည့်မြို့နယ်မှ အောင်မြင်သူထက်ရမှတ်များနိုင်ပါသည်။ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်း ရေးအတွက် ဗဟိုအဆင့်မှ တိကျသည့်မူများချမှတ်၍ လုပ်ဆောင်ရသဖြင့် ရမှတ်အများအနည်းကိုသာ ဦးတည်လုပ်ဆောင်ရခြင်း ဖြစ်ပါသည်။ ခရိုင်တစ်ခုအတွင်းမှ အောင်မြင်သူသည် အခြားခရိုင်များ၊ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းဆင်းများနှင့် နှိုင်းယှဥ်လျှင် မိမိခရိုင်အတွင်း သွားရောက်တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်ပါသည်။ မူလတန်းပြအဆင့်တွင် မိမိဒေသ၌ တာဝန် ထမ်းဆောင်ကြမည်ဖြစ်သော်လည်း အလယ်တန်းပြ၊ အထက်တန်းပြ ရာထူးအဆင့်ဆင့်တိုးမြှင့်လာ ချိန်တွင် အများစုသော ဒေသခံဆရာများသည် ဖွံ့ဖြိုးမှုရှိသည့် မိမိတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အခြားသောမြို့ရွာများ၊ ကျောင်းများသို့လည်းကောင်း အဆက်အသွယ်ရှိသည့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များသို့လည်းကောင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သူများ ဖြစ်ပေါ်လာ တတ်ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လည်းတာဝန်ရှိသူအဆင့်ဆင့် ပြောင်းလဲနေပြီဖြစ်သဖြင့် မည်သူသည်ဒေသတွင်း ကျောင်းတွင်သာ တာဝန်ထမ်းဆောင်ရမည်။ မည်သူသည် ထိုကတိခံချက်

မရှိပါ။ ခွဲခြားသတ်မှတ်ရန် အခက်အခဲရှိပါတယ်။ တာဝန်ထမ်းဆောင်ရာဒေသများတွင် ကာလနှစ်နှစ် ပြည့်ပြီးပါက ပြောင်းရွှေ့လျှောက်ထားနိုင်သဖြင့် လျှောက်ထားသည့်နေရာလစ်လပ်လျှင် ထိုသူအား ပြောင်းရွှေ့ပေးမည်သာ ဖြစ်ပါသည်။ ရာထူးတိုးလျှောက်ထားသူများကိုလည်း ဆန္ဒပြုသောဒေသနှင့် ရာထူးနေရာလစ်လပ်လျှင် ကြီးစဥ်ဇယားအရ အခြားသောခရိုင်အတွင်း မြို့နယ်များသို့ ရာထူးတိုး ပြောင်းရွှေ့ပေးရပါမည်။ သင်တန်းဝင်ခွင့်လျှောက်လွှာ ခေါ်ချိန်တွင်ဝေးလံခက်ခဲသောဒေသများရှိ သတ်မှတ်အရည်အချင်း ကိုက်ညီသူများအနေဖြင့် အချိန်မီမသိရှိခြင်း၊ သိရှိချိန်တွင် လျှောက်လွှာ လက်ခံရရှိရက်ထက် ကျော်လွန်သွားခြင်းတို့ကြောင့် သင်တန်းတက်ခွင့်ဆုံးရှုံးရပါသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် DTET သင်တန်းအတွက် ဩဂုတ်လ ၂၃ ရက်နှင့် ၂၆ ရက်နေ့တို့တွင် ထုတ်ဝေသည့် မြန်မာ့သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့သဖြင့် အချိန်မီလျှောက်ထားနိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ သာမန်အားဖြင့် ခက်ခဲဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင် မြင်သူများအတွက် ရမှတ်ကိုလျှော့ပေါ့စဥ်းစားရန်မူအားဖြင့် လက်ခံဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချက်ဖြင့် တစ်ယောက်နဲ့ တစ်ယောက်မှာ ရေရှည်ထိမ်းသိမ်းဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါတယ်။ တင်သွင်းလာသည့် အဆိုအပေါ် ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ဒေါ်ဒွဲဘူရဲ့ဆန္ဒကို သိလိုပါတယ်။

**ဒေါ်ဒွဲဘူ**။ ။ကျွန်မအဆိုနဲ့ပတ်သက်ပြီးဆွေးနွေးသွားတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ၊ရှင်းလင်းပေးသွားတဲ့ ပညာရေးဝန်ကြီးတို့ကိုအထူးကျေးဇူးတင်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ ပညာရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားများအတွက် ခံစားပေးပြီး ကျွန်မတို့အဆိုမတင်ခင်ကတည်းက ရမှတ်တွေ လျှော့ထားပေးတယ်ဆိုတာသိရှိရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ဒါပေမယ့် ရမှတ် ၂၆၀ ထိ သတ်မှတ်ထားတာကိုတော့ ထပ်မံပြီးလျှော့ပေးပါအုံးလို့။ တကယ်လို့တစ်ဘာသာမှာ ၄၀ ပဲ ရတယ်ပဲ ဆိုလို့ရှိရင်တော့ ၂၄၀ ပဲဖြစ်မှာမို့လို့ဒီထက် ၂၆၀ ထက်လည်း လျှော့နိုင်အောင် လျှော့ပေးပါအုံးလို့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့အနေနဲ့လည်း တောင်ပေါ်မှာ နေတဲ့အခါကြတော့ ဒီအဆိုတင်သွင်းတဲ့အခါ တောင်ပေါ်၊ တောင်ပေါ်ဆိုပြီးတော့ ကျွန်မတို့ ထည့်သွင်းတာဟာ ဒေသစွဲမဟုတ်ပါဘူး။ ကျွန်မတို့ တောင်ပေါ်ဒေသလိုပဲ အခြားမြေပြန့်ဒေသမှာ လည်း ဝေးလံပြီးခက်ခဲတဲ့ဒေသများရှိပါတယ်။ အဲဒီဒေသမှာလည်း ဒေသခံဆရာ၊ဆရာမတွေကို

အခုလိုပဲ ကျွန်မတို့ တောင်ပေါ်ကလူတွေကိုပဲ ဒီ ၂၆ဝ အောက်နဲ့ စဥ်းစားပေးရင်တော့ အားလုံး ဝမ်းသာမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း ပြောကြားတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျွန်မရဲ့ အဆိုကိုလည်း မှတ်တမ်းတင်ပေးထားဖို့ အတွက်ကျွန်မသဘောတူကြောင်း ပြောကြားလိုပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တင်ပြချက်တွေကတော့ ခေသူမဟုတ်ကြပါဘူး။ သို့ရာတွင် တကယ့်တင်ပြချက်မှာတော့ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲနဲ့ကျန်းမာရေးဝန်ကြီးဌာနလည်းပါပါတယ်။ပညာရေးဝန်ကြီးဌာနကတော့ ကောလိပ်၊ ပညာရေးကောလိပ်တစ်ခုပဲပါပြီးတော့ ကျန်းမာရေးဝန်ကြီးကြတဲ့ အခါကြတော့ သားဖွားဆရာမရော၊ သူနာပြုလည်းပါပါတယ်။ ဒါ့ကြောင့်မို့လို့ ကျန်းမာရေးဝန်ကြီးဌာန ရောယခု ဆရာကြီးတို့ စီစဥ်တဲ့အတိုင်းပဲ ဒီလိုပဲအမှတ်ကို လျှော့ပေါ့စဥ်းစားပြီတော့ ဒီဒေသမှာပဲပြန်ပြီး တာဝန်ထမ်း ဆောင်မယ်ဆိုလို့ရှိရင် ဆောင်ရွက်ပေးနေ တဲ့အစီအစဥ်တွေရော ရှိ၊ မရှိ ဆရာကြီးရော သိပါ သလား။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။သူတို့တိုင်းဒီ အဲဒီဝေးလံတဲ့ခက်ခဲ့တဲ့အရပ်က ကလေးတွေကိုတိုင်းရင်းသားဒီဂရီကောလိပ်များ တွေကနေပြီးတော့မှ အနည်းဆုံးလူ တွေတောင်မှခေါ်ပေးပါတယ်။ ဝန်ကြီး မေတ္တာရပ်ခံရင်လည်း လုပ်ပေးပါတယ်။ သားဖွားလည်း အဲဒီလိုပါပဲ ခက်တာကတစ်ခါကျတော့ တချို့ကျတော့ အချိန်မသိတာရော၊ တချို့က မလုပ်ချင်တာလည်းတချို့လည်းပါတယ်။ ဒါကြောင့်မို့လို့ပြည်ပက နေပြီးတော့ ၂ နှစ်သွား ဒီလိုပဲသွားထားပြီးတော့ ပြန်လာရတာရှိပါတယ်။၂၆ဝ ဆိုရင် ၄ပ.၃ ဆိုတာတော်တော့်ကိုနိမ့် နေပြီး၊ အဲဒါထက်နိမ့်ရင် ဆရာရဲ့ Quality ကဆိုးသွားမှာလဲ ကျွန်တော်ကစိုးပါတယ်။ အဲဒါကြောင့်မို့ပါ ဒေါ်ဒွဲဘူကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ကျွန်တော်က နည်းနည်းထပ်ပြီးတော့လေ မေတ္တာရပ်ခံချင်ပါတယ်။အခုကတော့ ကျွန်တော်တို့မူအရ ဒေါ်ဒွဲဘူတို့ တင်ပြခဲ့တဲ့အတိုင်း ပညာရေးဝန်ကြီးဌာနရော၊ ကျန်မာရေးဝန်ကြီးဌာနရော ဒီလိုဆောင်ရွက်နေပြီဆိုတဲ့အတွက် ဒါမူအားဖြင့်တော့ ကောင်းပါတယ်။ ဒီတိုင်းလည်းဆက်ပြီး လုပ်ကြရမှာပါ သို့ရာတွင် လက်ရှိဝေးလံခေါင်ပါးတဲ့ ပြည်နယ်အသီးသီး၊ ဒေသအသီးသီးပေါ့ အဲဒီမှာရှိကြတဲ့ဝန်ထမ်းပေါ့၊ ကျောင်းဆိုလည်းကျောင်းဆရာ ပြီးတဲ့အခါမှာ သူနာပြုဆိုလည်း သူနာပြုသားဖွားဆရာမဆိုလည်း သားဖွားဆရာမ အဲဒီမှာလက်ရှိ အမှန်တကယ် တာဝန်ထမ်းဆောင်နေတာ ဘယ်လောက်ရှိသလဲ ဒါလည်းကျွန်တော်တို့ကပြန်ပြီးတော့ သေချာစာရင်း ကောက်ယူဖို့လိုပါတယ်။ တကယ်လို့ ခန့်အပ်ပေးနိုင်တဲ့နေရာ ထက်လျော့နည်းပြီးတော့ ခန့်ထားတယ်

ဆိုလို့ရှိရင်ဘာပဲဖြစ်ဖြစ် သူ့ကို ခုနဖွဲ့စည်းပုံ သို့မဟုတ်လို့ရှိရင် ကန့်သတ်ထားတဲ့ အရာခန့်နိုင်ရေး အတွက်လည်း စဉ်းစားရပါမယ်။ အဲဒီလို စဉ်းစားတယ်ဆိုရင်ခုနက ဒီဒေသမှာစာမေးပွဲအောင်တယ်၊ အမှတ်အနေနဲ့တော့ သတ်မှတ်ထားချက်တော့မမီဘူး။ သို့ရာတွင် ပြန်နှိမ့်ပြီးတော့ စဉ်းစားရင်လည်း စဉ်းစားပေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ တစ်ချက်ပေါ့လေ အဲဒီအခါမှာ နောက်တစ်ခုက သူတို့ တင်ပြသွားတဲ့နေရာမှာရှိပါတယ်။ ဒီဒေသကို အခြားဒေသက ဆရာ၊ ဆရာမများ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ လာရောက်ပြီးတော့ အလုပ်လုပ်ကိုင်မယ်ဆိုတဲ့ အခွင့်အလမ်းကလည်း နည်းပါး တယ်။ နည်းပါးတဲ့အတွက် အဖြစ်နိုင်ဆုံးကတော့ သူ့ဒေသနဲ့သူ၊ သူ့အရပ်နဲ့သူ့ဇာတ်ပဲဖြစ်မယ့် အနေအထားရှိပါတယ်။ အဲတော့မရှိတာနဲ့စာလို့ရှိရင် ရှိတာကကောင်းပါတယ်။လိုချင်တာကတော့ ခုနက ပညာရည်မြင့်မားတဲ့ လူလိုချင်ပေမယ့်လို့ ဘယ်လိုမှမရနိုင်ဘူးဆိုရင်တော့ ခုနက အချက်အလက်တွေ စဉ်းစားပြီးတော့ ဒါကို ခေသူမဟုတ်ဘက်က ကျွန်တော်လိုက်ပြောတာ မဟုတ်ပါဘူး။ တကယ် အဲဒါလေးလည်း စဉ်းစားပြီးဆောင် ရွက်ပေးမယ်ဆိုလို့ရှိရင်ပိုပြီးတော့ ဆီလျော်နိုင်ပါတယ်။ သဘောက တော့ ကိုယ်လိုချင်တဲ့ ပညာအရည်အချင်းမမီတာတစ်ပိုင်းပဲ နောက်တစ်ခုကခန့်ထားတဲ့ အရေအတွက် နည်းနေတာတစ်ပိုင်း။ ဒီနှစ်ခုကိုဆက်စပ်ပြီးတော့ ဆရာကြီးတို့ ဝန်ကြီးများကစဉ်းစားပြီး ဆောင်ရွက် ပေးမယ်ဆိုလို့ရှိရင်တော့ ဒေသရဲ့အခက်အခဲ၊ ဒေသရဲ့အခဲအခက်ဆိုတော့ လိုတဲ့ဆရာ၊ ဆရာမတွေ၊ သူနာပြုတွေ၊ နောက်တစ်ခါ ခုနက သားဖွားဆရာမတွေ ခန့်အပ်နိုင်ရေးပေါ့။ ပြီးတဲ့အခါမှာ ဘာပဲဖြစ်ဖြစ် ၁၀ တန်းအောင် အောင်ကြိုးစားပြီးတော့ သင်ထားတဲ့ဒေသခံများအတွက် အလုပ်အကိုင် ရရှိရေးရော အဆင်ပြေသွားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ မူအားဖြင့် ဆောင်ရွက်နေပြီ ဖြစ်သော်လည်း ခန့်အပ်ထားတဲ့ ဆရာ၊ ဆရာမ၊ သူနာပြု၊ သားဖွားများရဲ့ အနေအထားကော စဉ်းစားပြီးတဲ့အခါမှာ ပညာအရည်အချင်းကို လည်းဒီအပေါ်စဉ်းစားပြီးတော့ ဒါကတော့ Case By Case ပေါ့ ဆိုကြပါစို့။ ကချင်ပြည်နယ်ဆို ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်ဆို ရခိုင်ပြည်နယ် အဲဒီလိုစဉ်းစားသွားမယ်ဆိုရင်ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှကျောင်းသူ၊ ကျောင်းသား များ၊ ပညာရေးကောလိပ်၊ သားဖွားဆရာမများနဲ့သူနာပြု အစရှိသည့်သင်တန်းများတွင် ဝင်ခွင့်ရရှိရေး အတွက် သတ်မှတ်ထားသော ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန် ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက် ဒါလည်း ကျွန်တော်တို့ စပြီးတည်းက၊ သူလျှောက်တည်းကိုက ခင်ဗျားကို၊ မင်းကိုဒီမှာပဲ ခန့်အပ်တာဝန်ပေးမယ်၊ သဘောတူရင်လက်မှတ်ထိုး၊ လက်မှတ်ထိုးပြီးလို့ သဘောတူ၊ သဘောတူတဲ့အခါကျတော့မှ ကျွန်တော် ဒီကျောင်းဝင်ခွင့်ပေးတယ်ဆိုရင် ကျောင်းဆင်း

လာတဲ့အခါမှာ သူလုပ်ရတော့မယ်။ ကတိကဝတ် ဖောက်ဖျက်တယ်ဆိုလို့ရှိရင်လည်း ဖောက်ဖျက်မှုနဲ့ ပတ်သက်လို့ တစ်ခုခုပေါ့လေ သတ်မှတ်ထားမယ် ဆိုရင်သူမလုပ်ဘဲ နေလို့မရတဲ့အနေအထား ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဝန်ခံချက်နဲ့ဒေသခံများကြိုးစားပြီး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုနိုင်ရေးအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ တချို့ဝန်ထမ်း အခက်အခဲရှိတယ်ဆိုလို့ရှိရင် ဘယ်နေရာဖြစ်ဖြစ်လိုက်ပြီးတော့ တာဝန်ထမ်းဆောင်တဲ့ဒေသတစ်ခုရှိပါတယ်။မြင်းခြံခရိုင်၊တောင်သာဘက်က ပုဂ္ဂိုလ်များဟာနေရာအနှံ့သွားရောက်ပြီးတော့ တာဝန်ထမ်းဆောင်လိုတဲ့ဆန္ဒများရှိတဲ့အတွက် တကယ်လို့များ အဲဒီလို ဆန္ဒရှိတယ်ဆိုလို့ရှိရင်လည်း ခုနက တိုင်းဒေသကြီး၊ ပြည်နယ်များက ဖိတ်ခေါ်တယ်ဆိုတဲ့ အကြောင်း ဒါလည်းဒီမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေ သိသွားစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့ အခါမှာ ကျွန်တော်တို့ “ဝ” တို့ နောက်ထပ် ကချင်ပြည်နယ်၊ ဒေသအတော်များများ ရောက်တဲ့ အခါမှာလည်း အဲဒီဖက်က မေးလိုက်တဲ့အခါမှာ တစ်နေရာမဟုတ်တစ်နေရာ ဝဲလောင် ဝဲလောင်ဆိုတဲ့ လူမျိုးတွေတွေ့ပါတယ်။ ဒါကြောင့်မို့လို့ အခုလည်း သက်ဆိုင်ရာသူများ ကြားသိအောင်ပေါ့လေ တိုင်းနဲ့ဒေသ ပြည်နယ် များမှာတော့ သားဖွားဆရာမတို့၊ နောက်သူနာပြုဆရာမတို့၊ ကျောင်းဆရာတို့က လိုအပ်နေပါတယ်။ တကယ်လို့များ တာဝန်ထမ်းဆောင်လိုစိတ်ရှိတဲ့ ခုနဒေသ ပုဂ္ဂိုလ်များ ရှိတယ်ဆိုလို့ရှိလည်း တိုင်းနဲ့ပြည်နယ်တွေအားလုံး လက်ခံပေးဖို့နဲ့ကြိုဆိုဖို့လည်း ကျွန်တော်ဒီမှာ တိုက်တွန်းလိုပါတယ်။ ဒီနေ့ အစည်းအဝေးအစီအစဉ်ဒီမှာ ရပ်နားပါမယ်။ နောက် တစ်ရက် အစည်းအဝေးကတော့ မနက်ဖြန် ၁၀း၀၀ နာရီမှာ ပြုလုပ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ၁၄း၀၀ နာရီ အချိန်တွင်ရပ်နားပါသည်။]